# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၄)ရက် ၊ သောကြာနေ့ ၊ (24-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအား ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၃**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☞

သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိစဉ်။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ - ၁၆

## ၂၀၂၅ ခုနှစ် ၆၂ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်မည်


**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ၆၂ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှုများကို အောက်တိုဘာ၂၄ရက်(ယနေ့)ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Sports Channelတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အားလျော့သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ညနေ၅နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)







ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတော်ကအားထားရသော တိုင်းရင်းသားပညာရေးဝန်ထမ်းကောင်းများ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့်ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာသင်ယူနိုင်စေရန် မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုအခါ သင်တန်းဆင်းဆရာ၊ ဆရာမ စုစုပေါင်း ၁၄၅၁၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပေသည်။

**"ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသားဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီး ကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသောပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလိုကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ် သင်တန်းအမှတ်စဉ် (၇) မှ ကျောင်းသား၊ ကျောင်းသူများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-I)၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဆရာဆိုသည်မှာ လူသားအချင်းချင်း ချစ်မြတ်နိုးတတ်စေရန် လမ်းပြပေးသူ၊ တပည့်များ၏ဘဝနှင့် လောကကိုအလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်ကြသည့်အတွက် လူ့အဖွဲ့အစည်းခေါင်းဆောင်၊ ဒုတိယမိဘများဖြစ်သည်ဟု တင်စားသတ်မှတ်ကြသည်။ ထို့ကြောင့် ဆရာသည် မိမိတို့တပည့်များကို စာကိုလည်းသင်ပြီး စိတ်ကိုလည်းပြင်ပေးကြရမည်၊ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်စေရန်၊ အတ္တကိုယ်ကျိုးနှင့်ယှဉ်ပြီး ပရဟိတအများအကျိုးဆောင်လိုစိတ်များဖြစ်ပေါ်လာစေရန် သင်ကြားဆုံးမပေးကြရမည်ဖြစ်ပေသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့သင်တန်းဆင်းများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ ပီသစွာ တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားလာပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးချစ်ခင်ညီညွတ်လာစေရန် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့်သားသမီးများဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် "ဒို့တာဝန်အရေးသုံးပါး"ကိုအခြေခံပြီး အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၆၅
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၃၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၃၉၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၃၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ထားတာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေးခြင်း၊ နည်းပညာများပေးခြင်းများ ဆောင်ရွက်ကာ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ညောင်တုန်းမြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပိန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက်ပိန်းဥများ အောက်တိုဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပိန်းဥများ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ထွက်တဲ့ ပိန်းဥတွေက ဒေသဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိ ဝယ်ယူတာများနေတာက စားသုံးသူများလာတာကြောင့်ဖြစ်ပါတယ်။ လက်ရှိ ရောင်းချနေတဲ့ ပိန်းဥတွေက အရသာကောင်းကာ အရည်အသွေးလဲ ကောင်းမွန်ပါတယ်။ ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်နေပါတယ်"ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် လတ်တလောအနေဖြင့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ကုက္ကိုကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုကိုင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုက္ကိုကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၈၀နှင့် ၃၆x၃၇ လမ်းကြားနေ ဦးကျော်သက်စိုး-ဒေါ်ခင်နန်းထိုက် စိန်ခြသေ့ ဆီစက်မိသားစုတို့က ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၂၀၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၂၀၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၂၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလပထမပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၈၂၀၇ ဧကကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြေပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကို စားသုံးနိုင်ဖို့နဲ့ ဒေသတွင်း စားသုံးဆီလိုအပ်ချက်ကိုဖြည့်ဆည်းဖို့ မြေပဲကိုတိုးချဲ့စိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် မြေပဲစိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်ရေး နည်းစနစ်များဆောင်ရွက်ပေးခြင်း၊ မြေပဲမျိုးစေ့ ရွေးချယ်မှုမှန်ကန်စေရန်၊ စိုက်နည်းစနစ် မှန်ကန်စေရန်၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရန် စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ထန်းတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ ရေထွက်ကျေးရွာအုပ်စု ထန်းတောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၂၀ ဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထန်းတောကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၃ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ခင်ဦး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၇၆ ဧကနှင့် ဖူးစားပြောင်း ၅၇၂၄ ဧက စုစုပေါင်းဧက ၅၉၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၇၆ ဧက တစ်ဧကလျှင် တင်း ၄၀ ကျော်နှင့် ဖူးစားပြောင်း ၅၇၂၄ ဧက တစ်ဧကလျှင် ပြောင်းဖူးရေ ၁၄၀၀၀ ကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၅၉၀၀ ထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်စေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးဆောင်ရွက်ပေးခဲ့တယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍သိရသည်။

(၂၀၆)



# နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**❖ ယခုလဆန်းထိ စာရင်းများအရ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦးဝင်ရောက်ယှဉ်ပြိုင်ကြရန် အမည်စာရင်းတင်သွင်းထားရာ စိစစ်လျက်ရှိကြောင်း သိရသည်။ မည်သို့ပင်ရှိစေကာမူ နိုင်ငံနှင့် လူမျိုးအကျိုးကို ရိုးသားသစ္စာရှိစွာ၊ အမှန်တကယ်သယ်ပိုးထမ်းရွက်နိုင်စွမ်းရှိသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များကိုသာ ရွေးချယ်ကြရပေမည်။ မိမိတို့အသည်းကြားက မဲတစ်ပြားကို တန်ဖိုးထားမြတ်နိုးစွာဖြင့် လူတော်လူကောင်းများကိုသာ ရွေးချယ်ကြစေချင်သည်။ ❖**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်ရေးအတွက် လူထုအသိပညာပေး **"နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့"**ဟူသော မြေစိုက်ပိုစတာများ (ဆိုင်းဘုတ်များ) ကို အောက်တိုဘာ ၇ ရက်က နိုင်ငံတော်တစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာနေရာများ၌ ပျော်ပျော်ပါးပါး စည်စည်ကားကား ခမ်းနားထည်ဝါစွာ စိုက်ထူခဲ့ကြသည်။

**"လူထုအသိပညာပေးလှုံ့ဆော်ရေး"** လှုပ်ရှားမှုမှန်သမျှသည် လူထုအတွက် အကျိုးရှိသော အကျိုးပြုလုပ်ငန်းများသာ ဖြစ်ကြသည်။ ယခုလူထုအသိပညာပေး လှုံ့ဆော်ရေးလုပ်ငန်းသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံနှင့်လူမျိုး၏ ရေရှည်အကျိုးကို မျှော်ကိုးထောက်ရှုကာ လှုံ့ဆော်သမှု ပြုနေကြခြင်းဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းမှတစ်ဆင့် နေ့စဉ်ထုတ်ပြန်ကြေညာပေးနေသကဲ့သို့ **"မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်"**ကိုလည်း နေ့စဉ်ထုတ်ပြန်လှုံ့ဆော်အသိပေးနေသည်။

"လွတ်လပ်မျှတ မဲပေးကြ"

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"မဲစာရင်းများကို သွားရောက်ကြည့်ရှုကြပါ"

"မဲရုံတွင် ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သားဆောင်ရွက်ရမည့်အချက်များ"

ထိုသို့ ထုတ်ပြန်ကြေညာပေးရာတွင် (၁) မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်မှ ၁၃-၁၀-၂၀၂၅ ရက်ထိ ၁၄ ရက်ကြာ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးနေကြောင်း (၂) မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး၊ မဲဆန္ဒရှင်များ၏ တောင်းဆိုလွှာများ၊ ကန့်ကွက်လွှာများ၊ ပြင်ဆင်လွှာများအတွက် မဲစာရင်းများကို ၁၄-၁၀-၂၀၂၅ ရက်မှ ၂၀-၁၀-၂၀၂၅ ရက်ထိ ဒုတိယအကြိမ်အဖြစ် ခုနစ်ရက် ထပ်မံတိုးမြှင့်ကြေညာပေးမည်ဖြစ်ကြောင်း (၃) မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း စသည်တို့ကို ဆောင်ရွက်ပေးကြစေလိုကြောင်း အသိပေးလှုံ့ဆော်ထားသည်။

ထို့ပြင် ယာယီနေရပ်စွန့်ခွာ နေကြရသူများ ကြိုတင်မဲပေးနိုင်ရေး၊ ပြည်ပရောက်မဲဆန္ဒရှင်များ ဆန္ဒမဲပေးရေးနှင့် ကြိုတင်မဲပေးနိုင်ရေး၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးသရုပ်ပြပွဲနှင့် သင်တန်းများပေးခြင်း စသည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့က သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ စဉ်ဆက်မပြတ်၊ မရပ်မနား ကြိုးစားလှုပ်ရှားနေကြသည်။

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ကြစေရေးအတွက် လက်တွေ့စမ်းသပ်မဲပေးသရုပ်ပြပွဲများ ကျင်းပခဲ့သည်။

မဲပေးစက်ကို အသုံးပြု၍ မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် အခက်အခဲမရှိ လွယ်ကူလျင်မြန်ခြင်း၊ မဲရလဒ်များ တိတိကျကျရရှိခြင်းနှင့် ပယ်မဲလုံးဝမရှိခြင်းတို့ကြောင့် မဲလက်မှတ်များ ရေတွက်ရာတွင် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုမရှိတော့ခြင်း၊ မဲပေးရာတွင် မဲရုံဝန်ထမ်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မဲရုံကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ မဲပေးဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများရရှိမည့်အပြင် မဲပေးစက်၏ တိကျမှန်ကန်မှုနှင့် နည်းပညာအရ အာမခံမှုများရရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်၊ ကျေးရွာများသို့ လိုက်လံပြသစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူ ၃ ဒသမ ၅ သန်းကို စမ်းသပ်မဲပေးဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်ပြီး တရားမျှတစွာဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးနိုင်ကြစေရေးအတွက် နယ်မြေစည်းရုံးရေး လုပ်ငန်းစဉ်များတွင် စုဝေးဟောပြောခွင့်ရှိကြောင်း အသိပေးထုတ်ပြန်ချက်ကို ၂၁-၈-၂၀၂၅ ရက်တွင်လည်းကောင်း၊ နိုင်ငံရေးပါတီများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခြင်းနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးကြရမည့် သတ်မှတ်ချက်များကို ၂၅-၉-၂၀၂၅ ရက်တွင်လည်းကောင်း ထုတ်ပြန်ကြေညာ အသိပေးခဲ့သည်။ နိုင်ငံရေးပါတီများအနေဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်နှင့်ပတ်သက်၍ ၂၈-၁၀-၂၀၂၅ ရက်မှ ၂၆-၁၂-၂၀၂၅ ရက်ထိ ခွင့်ပြုသည်။ ၁၅-၁၀-၂၀၂၅ ရက်နောက်ဆုံးထား၍ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ သက်ဆိုင်ရာပါတီမှ ဟောပြောစည်းရုံးမည့် ပုဂ္ဂိုလ်အမည်၊ တာဝန်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဖွင့်ပြုမိန့်လျှောက်ထားကြရမည်။ ခွင့်ပြုမိန့်လျှောက်ထားသည့် စာမူသည် Pyidaungsu Font Size 13 ဖြင့် (A4) အရွယ်အစား ခုနစ်မျက်နှာထက်မပိုစေရ။ ပါတီ၏ တေးသီချင်းများ(ရုပ်/သံပါ) ထည့်သွင်းလိုပါက သီချင်းခွေ နှစ်ခွေနှင့်အတူ သီချင်းစာသားကိုပါ ပေးပို့ရမည်။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ မဲဆွယ်စည်းရုံးဟောပြောခြင်း မပြုလိုပါက မပြုလိုကြောင်း အကြောင်းကြားစာ ပေးပို့ရမည်။

နိုင်ငံရေးပါတီတစ်ပါတီအား ဟောပြောချိန် ၁၅ မိနစ်၊ ပါတီ၏ တေးသီချင်းထုတ်လွှင့်ခွင့်ကို ဟောပြောချိန် ၁၅ မိနစ်အတွင်းသာ ခွင့်ပြုသည်။ ဟောပြောစည်းရုံးကြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုမည်။ တိုင်းရင်းသားဘာသာဖြင့် ဟောပြောစည်းရုံးမည်ဆိုပါက မြန်မာဘာသာဖြင့်လည်း ပူးတွဲတင်ပြရမည်ဟု အသိပေးကြေညာထားသည်။ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံပိုင်ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြကြရာတွင် အောက်ဖော်ပြပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရဟု တားမြစ်ထားသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကိုလေးစားလိုက်နာမှုမရှိသော ဟောပြောမှု ပြုလုပ်ခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှုပြုလုပ်ခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှု ပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု ပြုလုပ်ခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု ပြုလုပ်ခြင်း၊

ထို့ပြင် နိုင်ငံရေးပါတီများသည် မိမိတို့၏မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးဟောပြောကြရမည်ဟုလည်း အသိပေးကြေညာထားသည်။

ဖော်ပြပါနိုင်ငံရေးပါတီများ လိုက်နာကြရမည့်အချက်များသည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအတွက် အဓိကသော့ချက်များပင်ဖြစ်ကြသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၄၁၄၊ ၄၁၅၊ ၄၁၆အရ လိုက်နာကျင့်သုံးကြရမည့် ကျင့်ဝတ်များနှင့်လည်း ဆက်စပ်ကိုက်ညီနေသည်။

ထိုသို့ အဘက်ဘက်မှ ဟာကွက်မရှိအောင် ပြည့်စုံနိုင်သမျှပြည့်စုံအောင် စွမ်းဆောင်ကြိုးပမ်းနေကြခြင်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ ဥပဒေပုဒ်မ-၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ တို့နှင့်အညီ စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စစ်မှန်သည့်နည်းလမ်းများနှင့် လျှောက်လှမ်းနိုင်ကြရေးအတွက်ဖြစ်သည်။

ယခုလဆန်းထိ စာရင်းများအရ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရန် အမည်စာရင်းတင်သွင်းထားရာ စိစစ်လျက်ရှိကြောင်း သိရသည်။ မည်သို့ပင်ရှိစေကာမူ နိုင်ငံနှင့်လူမျိုးအကျိုးကို ရိုးသားသစ္စာရှိစွာ၊ အမှန်တကယ်သယ်ပိုးထမ်းရွက်နိုင်စွမ်းရှိသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များကိုသာ ရွေးချယ်ကြရပေမည်။ မိမိတို့အသည်းကြားက မဲတစ်ပြားကို တန်ဖိုးထားမြတ်နိုးစွာဖြင့် လူတော်လူကောင်းများကိုသာ ရွေးချယ်ကြစေချင်သည်။ မဲပေးရာတွင် တွေးခေါ်မြော်မြင်ဆင်ခြင်ကြစေချင်သည်။ ဘေးစကားကိုနားခါးသလိုသဘောထားပြီး ဥပေက္ခာပြု လျစ်လျူရှုကာ သွေးစကားကိုသာ ယုံကြည်ကြစေချင်သည်။ မြန်မာ့နိုင်ငံရေး ခရီးအဆက်ဆက်မှာ ကြုံတွေ့ခဲ့ကြရသော ခါးသီးနာကြည်းမှုမှန်သမျှကို သံဝေဂရကြစေချင်သည်။ ဤနေရာတွင် မည်သည့်ပါတီကိုမျှ မဲမပေးဘူး မဲရုံကိုလည်း မသွားဘူးဟု ဘူးခံငြင်းဆန်နေကြသော တစ်ယူသန် လူ့အန္တများလည်းရှိနေကြသည်။ နိုင်ငံသားတစ်ဦး တာဝန်မကျေပွန်သော နိုင်ငံသားမပီသကြသောသူများဖြစ်ကြသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို လုပ်ချင်တိုင်းလုပ်၍မရပါ။ ကျင်းပချင်တိုင်းကျင်းပ၍ မရပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ငြိမ်သော နိုင်ငံရေးကာလမှာပင် ငါးနှစ်တစ်ကြိမ်သာ ပုံမှန်ကျင်းပကြရလေ့ရှိသည်။ လက်ရှိအခြေအနေတွင်မူ သမိုင်းအစဉ်အလာကောင်းရှိခဲ့သော တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်နေခဲ့ရာမှ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ တိုင်းရင်းသားပြည်သူများပါဝင်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာစေရေးအတွက် အားကြိုးမာန်တက်၊ ထမ်းရွက်နေခြင်းဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအကျိုးကို မြတ်နိုးတန်ဖိုးထားကာ စေတနာမေတ္တာဖြင့် အကျိုးဆောင်ပေးနေခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ⇨

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၄၇၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၄၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

**"မှန်ကန်သောလုပ်ရပ်အပေါ်မှာ ထိုက်တန်သောတုံ့ပြန်မှုရှိစမြဲ"** ဟူသောစကားသည် ထာဝရသစ္စာပင်ဖြစ်သည်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားမှန်လျှင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးကို ချစ်ကြစေချင်သည်။ သစ္စာရှိကြစေချင်သည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုး (တိုင်းရင်းသားများအပါအဝင်)ကို ချစ်ကြ၊ သစ္စာရှိကြပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း လေးစားလိုက်နာကြရမည်။

မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁) နိုင်ငံတော်အခြေခံမူများ၊ ဥပဒေပုဒ်မ-၃၈(က) တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"**နှင့် အခန်း (၉) ရွေးကောက်တင်မြှောက်ခြင်း ဥပဒေပုဒ်မ-၃၉၁ (က)တွင် **"ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ၊ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**ဟု အတိအလင်းပြဋ္ဌာန်းထားရာ နိုင်ငံနှင့်လူမျိုးကို ချစ်ကြသူတိုင်း၊ မိမိတို့၏မိသားစုဘဝ၊ သာယာချမ်းမြေ့လိုသူတိုင်း နိုင်ငံနှင့်လူမျိုးကို သစ္စာစောင့်သိရိုသေလိုက်နာသောအားဖြင့် **"မဲရုံသို့သွားကြစို့" "နိုင်ငံ သား အခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့"** ဟု ဆန္ဒမွန်ဖြင့် ထပ်ဆင့်လှုံ့ဆော်သမှု ပြုလိုက်ရပါသည်။

**ကိုးကား**

- **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)**
- **၉-၁၀-၂၀၂၅ ရက်ထုတ် မြဝတီသတင်းစာပါ ဦးရွှေဦး၏ "ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲ"**
- **နေ့စဉ်ထုတ်သတင်းစာများ**

# မြတ်ရွှေစောလူး စေတီဦး

- ရောဝတီ ရေကြည်ခွေ့နွဲ့
စိမ်းလဲ့စိုစို ထန်းတောညို့နှင့်
ကုက္ကိုုထနောင်း ရိပ်ညိုကောင်းလျက်
ရှားစောင်းတမာ ပတ်ဝန်းကာလျှင်
သာယာလှသော မြို့မြင်းမူ။

- ပုဂံခေတ်ဦး ငထွေရူးဟု
ချီးကျူးမကုန် သတင်းဂုဏ်နှင့်
ပြည့်စုံထင်ရှား သူရဲအားလျှင်
မွေးဖွားသန့်စင် သမိုင်းစဉ်ဝယ်
ပေါ်လွင်ခဲ့သော မြို့မြင်းမူ။

- ပု ပင်း အင်း တောင် ညောင်ရမ်းနောင်ဝယ်
ကုန်းဘောင်နှစ်ခေတ် ပေါ်ထွန်းသစ်၏
ခေတ်တိုင်းမှာလျှင် ဤရပ်ခွင်သည်
စည်ပင်လှစွာ ပန်းပညာနှင့်
ကဗျာတေးဆို ကျော်ကြားပိုသော်
စာဆိုစစ်သည် မြဝတီအား
ဤရွာရပ်ကျေး ပိုင်စားပေးလျှင်
သူဌေးသူကြွယ် ကုန်သွယ်ကူးသန်း
လမ်းပန်းဆက်သွယ် ဖောက်ကားလွယ်၍
တင့်တယ်ခဲ့သော မြို့မြင်းမူ။

- သို့တင့်တယ်စွာ ဤနေရာဝယ်
ကမ္ဘာအရှည် တည်နေသမျှ
ကာလပတ်လုံး သုံးလူ့ထွတ်ထား
မြတ်ဘုရား၏...
စည်ကားသာသနာ ရှိစိမ့်ငှာလျှင်
သဒ္ဓါလွှမ်းပတ် မေတ္တာခတ်ဖြင့်
မြတ်ရွှေစောလူး စေတီဦးကို
ညွတ်နူးကော်ရော် ဖူးခွင့်မျှော်၍
တည်တော်မူရှင်း ကုသိုလ်နှင်းသည်
မင်းကြီးရာဇ အာသောက။

- သြော်...မင်းကြီးရာဇ အာသောက၏
ကြီးစွကုသိုလ် ကောင်းမှုကိုလျှင်
ကြည်ညိုဆင့်လောင်း မင်းအပေါင်းတို့
နှစ်ထောင်းအားရ ပူဇော်ကြသော်
မြမြင့်ကုန်းမို ရွှေရောင်စိုလျက်
ရွှေလိုဝင်းလျှပ် ရွှေပြာသာဒ်နှင့်
မြတ်ရွှေစောလူး ရင်ပြင်ဦး၏
ကြည်နူးစရာ အင်းရေပြာဝယ်
ကြိုးကြာဖြူနွဲ့ ဒေါင်းညိုလဲ့တို့
တေးဖွဲ့သီက ပူဇော်ကြဟန်
မြင်ရပြန်လျှင် များလူရှင်တို့
စိတ်စဉ်ညွတ်ပျောင်း ရှုမညောင်းသည်
ကောင်းချီးသာစု ခေါ်လှည့်ကုန်။
မြတ်ရှင်ဗုဒ္ဓ တန်ခိုးဂုဏ်။
ရွှေစောလူး၏ နိမိတ်ပုံ။ ။

မြင်းမူမောင်နိုင်မိုး

# နိုင်ငံတကာ သတင်းများ



## ရုရှားနျူကလီးယားတပ်များ စစ်ရေးလေ့ကျင့်မှုကို သမ္မတပူတင် ကိုယ်တိုင်ကြီးကြပ်

**မော်စကို အောက်တိုဘာ ၂၃**

ရုရှား မြေပြင်၊ ဝေဟင်နှင့် ရေပြင် နျူကလီးယားတပ်များ၏ စစ်ရေးလေ့ကျင့်မှုများကို ရုရှားသမ္မတပူတင်ကိုယ်တိုင် အောက်တိုဘာ ၂၂ ရက်တွင် ကိုယ်တိုင်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သော ရုရှားနျူကလီးယားတပ်များ၏ စစ်ရေးလေ့ကျင့်မှုများထဲတွင် ယားစ်အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည် ပစ်လွှတ်မှုနှင့် ဘာရန်းပင်လယ်တွင်းရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးပေါ်မှတစ်ဆင့် ဆီနီဗာအမျိုးအစားဒုံးကျည်ပစ်လွှတ်မှုတို့လည်းပါဝင်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် နျူကလီးယားစစ်ရေး လေ့ကျင့်မှုများအတွင်း မဟာဗျူဟာဗုံးကြဲလေယာဉ်များမှတစ်ဆင့် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ခရုစ်ဒုံးကျည်များကိုလည်း ပစ်လွှတ်ခဲ့သည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေး တင်းမာနေချိန်တွင် ရုရှားနျူကလီးယား တပ်များက စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

စစ်ပွဲတစ်ပွဲအတွင်း အသင့်အနေအထားရှိ မရှိကို စမ်းသပ်ရေးအတွက် ရုရှားနျူကလီးယားတပ်များက စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်၌ နျူကလီးယားလက်နက်အများဆုံး ပိုင်ဆိုင်ထားသော အင်အားကြီးနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဟိုက်ပါဆိုးနစ် ဒုံးကျည်စနစ်စမ်းသပ်မှု မြောက်ကိုရီးယားမီဒီယာများ အတည်ပြု

**ပြုံယမ်း အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၂ ရက်က ပြုလုပ်ခဲ့သော ဒုံးကျည်စမ်းသပ်မှုများထဲတွင် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်စနစ်တစ်မျိုးလည်း ပါဝင်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားတပ်မတော်သည် အောက်တိုဘာ ၂၂ ရက်က တာတိုပစ် ဒုံးကျည်များအဖြစ် ယူဆရသော ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အောက်တိုဘာ၂၂ရက် တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကို မြောက်ကိုရီးယားအစိုးရ ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် အတည်ပြုထားသည်။

ယင်းအပြင် အောက်တိုဘာ ၂၂ ရက် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများတွင် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ် ဒုံးကျည်စနစ်တစ်မျိုးကိုလည်း ထည့်သွင်းစမ်းသပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက အတည်ပြုထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံ မကျင်းပမီ ဒုံးကျည်များစမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အေပက်ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် အေပက်အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံတို့မှ ခေါင်းဆောင်များတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကြေညာပြီးနောက် ပီရူးနိုင်ငံ လီမာမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်

**လီမာ အောက်တိုဘာ ၂၃**



သမ္မတဟိုဆေးဂျာရီကရက်ပေါင်း ၃၀ သက်တမ်းရှိ အရေးပေါ်အခြေအနေပြဋ္ဌာန်းကြေညာခဲ့ပြီးနောက် လီမာမြို့၌ ပီရူးတပ်မတော် လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ယနေ့တွင် စတင်ကင်းလှည့်နေပြီဖြစ်သည်။

ရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်တက်လာမှုပြဿနာကို ကိုင်တွယ်ရေးအတွက် ရက် ၃၀ သက်တမ်းရှိ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်ကို ပီရူးသမ္မတ ဟိုဆေးဂျာရီက အောက်တိုဘာ ၂၂ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ပီရူးသမ္မတဟောင်း ဒီနာဘိုလေ့တီကို ကွန်ဂရက်လွှတ်တော်က ရာထူးမှဖယ်ရှားခဲ့ပြီးနောက် အောက်တိုဘာ ၁၀ ရက်တွင် သမ္မတရာထူး စတင်ရယူခဲ့သော သမ္မတဟိုဆေးဂျာရီသည် ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းရန် ကတိပေးထားသည်။

ပီရူးနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာမှုပြဿနာနှင့်ရင်ဆိုင်ခဲ့ရသည်။

ပီရူးအစိုးရက ထုတ်ပြန်ထားသည့် စာရင်းဇယားများအရ ပီရူးနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် လူသတ်မှု ၆၇၆ မှုသာဖြစ်ပွားခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင်မူ ၂၃၁၅ မှုထိ ဖြစ်ပွားခဲ့သည်။

သမ္မတဟောင်း ဒီနာဘိုလေ့တီလက်ထက်ကလည်း ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်မားမှုပြဿနာကို ကိုင်တွယ်ရေးအတွက် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကြေညာခဲ့သော်လည်း ထိရောက်အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တူနီးရှားကမ်းလွန်ရေပြင်၌ ရေယာဉ်နစ်မြုပ်မှုဖြစ်ပွား တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၄၀ သေဆုံး



**တူးနစ် အောက်တိုဘာ ၂၃**

တူနီးရှားနိုင်ငံ ကမ်းလွန်ရေပြင်၌ အောက်တိုဘာ ၂၂ ရက်က ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ ဆပ်ဆာဟာရ အာဖရိကနိုင်ငံများမှ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ဦးရေ ၄၀ သေဆုံးခဲ့ရသည်။

အဆိုပါရေယာဉ်တိမ်းမှောက်မှုသည် ယခုနှစ်အတွင်း တူနီးရှားကမ်းလွန် မြေထဲပင်လယ်ဒေသ၌ ပေါ်ပေါက်ခဲ့သမျှ ရေယာဉ်နစ်မြုပ်မှုများအနက် အသေအပျောက်အများဆုံးရေယာဉ်နစ်မြုပ်မှု ဖြစ်ခဲ့ရသည်။

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၇၀ ခန့်လိုက်ပါလာသော အဆိုပါရေယာဉ်သည် တူနီးရှားကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သည့် မာဒီးရားမြို့ ကမ်းလွန်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

တူနီးရှားနိုင်ငံသည် ဥရောပသို့ သွားရောက်လိုသည့် အာဖရိက ရွှေ့ပြောင်း ဝင်ရောက်သူများအတွက် အဓိကကြားစခန်းတစ်ခု ဖြစ်သည်။

မာဒီးရားမြို့သည် အာဖရိကနွယ်ဖွား ရွှေ့ပြောင်းဝင်ရောက်သူများ ဥရောပသို့ ရေကြောင်းခရီး စတင်လေ့ရှိသော တူနီးရှားနိုင်ငံ၏ မြို့တစ်မြို့ဖြစ်သည်။

အောက်တိုဘာ ၂၂ရက် ရေယာဉ်နစ်မြုပ်မှုတွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၃၀ တို့ကို တူနီးရှားကမ်းခြေစောင့်တပ်က ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပစိဖိတ်သမုဒ္ဒရာ၌ မူးယစ်ဆေးတင်ရေယာဉ်များအဖြစ် ယူဆရသောရေယာဉ်များကို အမေရိကန်တပ်မတော်တိုက်ခိုက်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း၌ မူးယစ်ဆေးဝါးတင်ရေယာဉ်များအဖြစ် ယူဆရသော ရေယာဉ်နှစ်စီးကို အမေရိကန်တပ်မတော်က တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟက်ဒ်ဆက်က အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး၏အဆိုအရ အမေရိကန်တပ်မတော်သည် အောက်တိုဘာ ၂၁ ရက် တစ်ရက်တည်းမှာပင် နာရီအနည်းငယ်သာခြား၍ မူးယစ်ဆေးဝါးတင် ရေယာဉ်များအဖြစ် ယူဆရသော ရေယာဉ်နှစ်စီးကို ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း၌ တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုများအတွင်း မူးယစ်မှောင်ခိုသမားများအဖြစ် ယူဆရသူ ငါးဦး သေဆုံးခဲ့ရကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး၏အဆိုအရ သိရသည်။

အမေရိကန်နိုင်ငံသည် စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းမှစ၍ မူးယစ်ဆေးဝါးတင် ရေယာဉ်များအဖြစ် ယူဆရသောရေယာဉ်များကို ကိုးကြိမ်ထိ တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုများအနက် ခုနစ်ခုကို ကာရစ်ဘီယံဒေသ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးနှစ်ခုကို ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် တပ်မတော်က ကာရစ်ဘီယံဒေသ၌ ပြုလုပ်ခဲ့သော မူးယစ်ဆေးတင်ရေယာဉ်များတိုက်ခိုက်မှုအတွင်း အနည်းဆုံး လူ ၃၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်၏ ၁၃၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို လွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်၏ ၁၃၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ဖြင့် အောက်တိုဘာ ၂၂ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၅ နှစ် နှစ်မကုန်မီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံများကို ၁၃၃ ကြိမ်ထိ စံချိန်တင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၁၃၂ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်အပါအဝင် အာကာသမစ်ရှင် ၁၃၈ ခုထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာက အားတီးမစ်-၂ မစ်ရှင်အတွက် ပြင်ဆင်သည့်အနေဖြင့် အိုရီယွန်အာကာသလူသယ်ယာဉ်ကို SLS ဒုံးပျံ၌ တပ်ဆင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၂ မစ်ရှင်အတွက် ပြင်ဆင်သည့်အနေဖြင့် အိုရီယွန် အာကာသလူသယ်ယာဉ်ကို SLS ဒုံးပျံ၌ တပ်ဆင်ခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

SLS ဒုံးပျံနှင့် အိုရီယွန် အာကာသလူသယ်ယာဉ်တို့ ပေါင်းစပ်တပ်ဆင်မှုကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။



အားတီးမစ်-၂ မစ်ရှင် အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန်အာကာသလူသယ်ယာဉ်ကို SLS ဒုံးပျံဖြင့် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် အိုရီယွန် အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူး လေးဦးကို လကမ္ဘာအလွန်ထိ ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင် အောင်မြင်ခဲ့ပါက နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ဖြင့် လကမ္ဘာပေါ်သို့ လူသားများကို ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ချန်အာ-၆ မစ်ရှင်မှရယူထားသည့် လကမ္ဘာကျောက်သားနမူနာများထဲတွင် ရှားပါးသည့် ဥက္ကာခဲအကြွင်းအကျန်များလည်း ပါဝင်နေ

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ချန်အာ-၆ မစ်ရှင်မှ ရယူထားသည့် လကမ္ဘာကျောက်သားနမူနာများထဲတွင် ရှားပါးသည့် ဥက္ကာခဲအကြွင်းအကျန်များလည်း ပါဝင်နေကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ကွမ်ကျိုး ဘူမိဓာတုအင်စတီကျူမှ သိပ္ပံပညာရှင်များသည် ချန်အာ-၆ လဆင်းယာဉ်ဖြင့် ရယူနိုင်ခဲ့သည့် လကမ္ဘာကျောက်သားနမူနာများ၏တွင်းထွက်ဓာတ်ဖွဲ့စည်းပါဝင်မှုနှင့် အောက်ဆီဂျင်အိုင်ဆိုတုပ် ပါဝင်ဖွဲ့စည်းမှုပုံစံတို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ချန်အာ-၆ လကမ္ဘာ ကျောက်သားနမူနာများထဲတွင် CI Chondrite ခေါ် ဥက္ကာခဲတစ်မျိုး၏ အစိတ်အပိုင်းများ ပါဝင်နေသည်ကို တွေ့ရကြောင်း သိရသည်။

ရေဓာတ်ကြွယ်ဝသည့် CI Chondrite ဥက္ကာခဲများသည် ကမ္ဘာပေါ်၌ အလွန်ရှားပါးသော ဥက္ကာခဲအမျိုးအစားဖြစ်ကြောင်း သိရသည်။

ချန်အာ-၆ လကမ္ဘာကျောက်သား နမူနာများထဲ၌ CI Chondrite ဥက္ကာခဲအစအနများပါဝင်နေမှုသည် နေအဖွဲ့အစည်းပြင်ပမှ အာကာသဒြပ်ထည်များ နေအဖွဲ့အစည်း အတွင်းထဲသို့ ဝင်ရောက်လာနိုင်သည်ကို သက်သေပြနေသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ချန်အာ-၆ လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ်တွင် လကမ္ဘာ အခြားဘက်ခြမ်းမှ ကျောက်သားနမူနာ ၁၉၃၅ ဒသမ ၃ ဂရမ်ကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ဦးခေါင်းနှင့် လည်ပင်းကင်ဆာဆဲလ်များ ကြီးထွားမှုကို ထိုးဆေးတစ်မျိုးဖြင့် လျှော့ချနိုင်

**လန်ဒန် အောက်တိုဘာ ၂၃**

ဦးခေါင်းနှင့်လည်ပင်းကင်ဆာလူနာများ၌ ကင်ဆာဆဲလ်များ ကြီးထွားပျံ့နှံ့မှုအရှိန်ကို ထိုးဆေးတစ်မျိုးဖြင့် လျှော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၂၂ရက်သတင်းများအရ သိရသည်။

လက်တွေ့ စမ်းသပ်ကုသမှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Amivantamab ထိုးဆေးသည် သီတင်းခြောက်ပတ်အတွင်းမှာပင် ဦးခေါင်းနှင့် လည်ပင်းကင်ဆာဆဲလ်များ ကြီးထွားပျံ့နှံ့မှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

နိုင်ငံပေါင်း ၁၁ နိုင်ငံတို့မှ ဦးခေါင်းနှင့် လည်ပင်းကင်ဆာလူနာများဖြင့် ပြုလုပ်ခဲ့သော စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Amivantamab ဆေးသည် လည်ပင်းနှင့် ဦးခေါင်းကင်ဆာဆဲလ်များ ကြီးထွားပျံ့နှံ့မှုကို ပုံမှန်ကုထုံး ရယူထားသူများထက် ခုနစ်လကြာပို၍ထိန်းထားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Amivantamab ထိုးဆေးသည် ကင်ဆာဆဲလ်များကြီးထွားမှုကို စေ့ဆော်ပေးတတ်သည့် EGFR ခေါ် ပရိုတင်းတစ်မျိုးကို ပိတ်ပင်ခြင်းဖြင့် ကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးပေးကြောင်း သိရသည်။

ထို့ပြင် အဆိုပါထိုးဆေးသည် ကင်ဆာဆဲလ်များကို ရှာဖွေဖျက်ဆီးရေးအတွက် ခုခံအားစနစ်ကိုလည်း လေ့ကျင့်ထိန်းကျောင်းပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဦးခေါင်းနှင့် လည်ပင်းကင်ဆာရောဂါများထဲတွင် ခံတွင်း၊ လည်ချောင်း၊ အသံအိုး၊ နှာခေါင်းနှင့် တံတွေးဂလင်းအိတ်ကင်ဆာရောဂါများ ပါဝင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## GLP-1 အုပ်စုဝင်ဆေးများက Sleep Apnea နှင့် ဆက်စပ်နေသော ကျန်းမာရေးပြဿနာများကို ကာကွယ်ရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၃**

Ozempic နှင့် Zepbound ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသည် အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှု (Sleep Apnea) နှင့် ဆက်စပ်နေသောကျန်းမာရေးပြဿနာများကို ကာကွယ်ရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်းသုတေသနပညာရှင်များက အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။

Sleep Apnea ပြဿနာရှိနေသည့် ပုံစံ-၂ ဆီးချိုရောဂါလူနာများသည် GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲခြင်းဖြင့် ကျန်းမာရေးရလဒ်များ ပိုကောင်းလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုလူနာ ၁ ဒသမ ၈ သန်းခန့်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ GLP-1 ထိုးဆေးများသုံးစွဲနေသူ ပုံစံ-၂ ဆီးချိုလူနာများအနက် Sleep Apnea ပြဿနာရှိနေသူများအနေဖြင့် ၎င်းပြဿနာမရှိသူများထက် သေချိန်မတန်ဘဲ သေရနိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

Sleep Apnea ပြဿနာရှိသူများသည် အိပ်စက်နေချိန် လေပြွန်ပိတ်ဆို့မှုကြောင့် နိုးလာတတ်ရာ အကျိုးဆက်အားဖြင့် အိပ်ရေးမဝမှုပြဿနာ ပေါ်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# ဘိုင်ယန်မြူးနစ် တိုက်စစ်မှူးဟယ်ရီကိန်း ဥရောပထိပ်သီးလိဂ်တွင် ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၂၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမား ဖြစ်လာ

**မြူးနစ် အောက်တိုဘာ ၂၃**

ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ကလပ်ဘရုဂျက် အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၂ ပွဲတွင် သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့သည်။

ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ခြေစွမ်းပြ ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မှတ်တမ်းကောင်းများ ရယူနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၂ ပွဲကစားအပြီးတွင် သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့သောကြောင့် ဘောလုံးရာသီတစ်ခုအတွင်း ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၂၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့သည်။

ယခင်က တိုက်စစ်မှူး စီရော် နယ်ဒိုက ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ ပွဲဖြင့် သွင်းဂိုး ၂၀ ပြည့်ခဲ့ပြီး တိုက်စစ်မှူး မက်ဆီက ဘာစီလိုနာအသင်းနှင့် ကစားခဲ့စဉ်က ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ဟယ်ရီကိန်းက အဆိုပါကစားသမားများ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

နည်းပြကွန်ပနီက "ဟယ်ရီကိန်းက ထူးချွန်တဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သူ့ကို ခေါင်းတိုက်ဂိုးတွေ ဘယ်လိုသွင်းယူရမယ်ဆိုတာ သင်ပြထားတာမရှိပါဘူး။ ဒါပေမဲ့ သူအနေနဲ့ ခေါင်းတိုက်ဂိုးတွေကို အလွယ်တကူ သွင်းယူပြီး ပုံစံကောင်းတွေ ပြသနေတာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဒီဂျောင်သည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်ကို လွဲချော်ခဲ့သောကြောင့် ယခုရက်သတ္တပတ်အတွင်း ကစားရမည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အယ်ကလက်စီကိုပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား နှစ်ဦးဖြစ်သည့် အန်းဒရစ်နှင့် ဂွန်ဇာလိုဂါစီယာတို့နှစ်ဦးကို ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပစ်မှတ်ထားနေသည်။
- စပါးအသင်းနှင့် ပဲလေ့စ်အသင်းတို့က ကာလရှည်ပစ်မှတ်ထားနေသည့် ကွင်းလယ်ကစားသမား ဂျိုးဘယ်လင်ဟမ်သည် ဒေါ့မွန်အသင်းတွင် ပွဲကစားခွင့်နည်းပါးနေသဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

ML

# အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ထုတ်ပြန်ခဲ့ပြီးနောက် အိုစီမန်၊ ဆာလာဟ်၊ ဟာကီမီတို့ အပြိုင်ရေပန်းစားနေ

**အဘူဂျာ အောက်တိုဘာ ၂၃**

အာဖရိကတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား ၁၀ ဦးစာရင်း ထုတ်ပြန်ခဲ့ပြီးနောက် အိုစီမန်၊ ဆာလာဟ်၊ ဟာကီမီတို့က ဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။




ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် နိုင်ဂျီးရီးယားနှင့် အတ္တလန်တာအသင်း တိုက်စစ်ကစားသမား လွတ်မန်းအနေဖြင့် ဆန်ခါတင်ကစားသမား ၁၀ ဦးစာရင်းတွင်ပင် မပါဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် အာဖရိကတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သူများမှ အိုစီမန်သည် ပြီးခဲ့သည့်ရာသီက ဂါလာတာစာရေးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသပြီး တူကီယဲစူပါလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သကဲ့သို့ လီဗာပူးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အပြင် သွင်းဂိုးအများဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည့် ဆာလာဟ်နှင့် ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလား အပါအဝင် ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သည့် ဟာကီမီတို့ကလည်း ရေပန်းစားလျက်ရှိနေသည်။

အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် အိုစီမန်၊ ဆာလာဟ်နှင့် ဟာကီမီတို့အပြင် နာပိုလီအသင်းမှ အန်ဂွီဆာ၊ အယ်လ်အေအက်ဖ်စီအသင်းမှ ဘူအန်ဂါ၊ ဒေါ့မွန်အသင်းမှ ဂူရယ်ဆီ၊ ဘာကာနီအသင်းမှ လန်လီအူ၊ ပီရမစ်အသင်းမှ မာယီလီ၊ အဲဗာတန်အသင်းမှ အင်ဒီယေး၊ စပါးအသင်းမှ ပါပေဆားလ်တို့ ပါဝင်လာခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်းဘေးတွင် ဥမင်တည်ဆောက်ရန်စီမံကိန်းကို မက်ဒရစ်တရားရုံး ပယ်ချခဲ့

**မက်ဒရစ် အောက်တိုဘာ ၂၃**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းအိမ်ကွင်း ဘာနေဗျူး အားကစားကွင်းဘေးတွင် ဥမင်တည်ဆောက်ရန်အတွက် စီမံကိန်း ချမှတ်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းအိမ်ကွင်း ဘာနေဗျူး အားကစားကွင်းကို ဖြိုချခဲ့ပြီး ၂၀၁၉ ခုနှစ်က အသစ်ပြန်လည်တည်ဆောက်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က အပြီးသတ်ခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းအိမ်ကွင်းသစ်ကို စတာလင်ပေါင် ၁ ဒသမ ၅ ဘီလီယံထိ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အိမ်ကွင်းသစ်တွင် ကွင်းလုံးပြည့် အမိုးများပါရှိခြင်း၊ ၃၆၀ ဒီဂရီလှည့်နိုင်သည့် TV များ၊ ဂီတပွဲများကျင်းပနိုင်သည့် အစားထိုးမြက်ခင်းတုများပါရှိသည်ထိ အဆင့်မြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဘာနေဗျူးကွင်းတွင် ဂီတပွဲများကျင်းပလျှင် ပတ်ဝန်းကျင်ဆူညံမှုများကြောင့် ထိခိုက်နိုင်သည့်အတွက် မက်ဒရစ်ကောင်စီက ပိတ်ပင်ခံထားရသည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းက အဆင့်မြင့်အိမ်ကွင်းဘေးတွင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက် ကားပါကင်ပြုလုပ်နိုင်ရန် ဥမင်နှစ်ခု တည်ဆောက်လိုနေခြင်းဖြစ်ပြီး မက်ဒရစ်မြို့တော်ကောင်စီ၏ ခွင့်ပြုမိန့်ရရှိခဲ့ခြင်း ဖြစ်သည်။

သို့သော် မက်ဒရစ်တရားရုံးက ရီးရဲလ်မက်ဒရစ်အသင်း၏ ဥမင်လိုဏ်ခေါင်းစီမံကိန်းကို ပရိသတ်စိတ်ဝင်စားမှုနည်းသည့်အကြောင်းပြချက်ဖြင့် ပယ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Ref : Fabrizio Romano

Trs : STA

# Erste Bank Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဂျန်နစ်ခ်ဆင်နာ တက်ရောက်

**ဗီယင်နာ အောက်တိုဘာ ၂၃**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပနေသည့် Erste Bank Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဂျာမနီ တင်းနစ်ကစားသမား အော်တာမိုင်ယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက(၆-၀၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာသည် ပြတ်သားသည့်ရလဒ်များဖြင့် နှစ်ပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမအဆင့်ပွဲစဉ်ကို အနိုင်ကစားနိုင်ရေးအတွက် ပွဲချိန် ၅၈ မိနစ်သာ ကြာမြင့်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ဆုဖလားရရှိခဲ့ပြီးနောက် ဂျန်နစ်ခ်ဆင်နာအနေဖြင့် ဩစတြီးယားမြေတွင် ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်လာခဲ့ခြင်း ဖြစ်သည်။

အော်တာမိုင်ယာ အနေဖြင့် ပထမပွဲငယ်တွင် ရမှတ်ရရှိခဲ့ခြင်းမရှိဘဲ ဒုတိယပွဲငယ်၏အစပိုင်းတွင် အကောင်းဆုံး ကစားနိုင်ခဲ့သော်လည်း ဂျန်နစ်ခ်ဆင်နာ၏ တုံ့ပြန်မှုများကြောင့် အော်တာမိုင်ယာအနေဖြင့် ရလဒ်ကောင်းရရှိရေးအတွက် မစွမ်းဆောင်နိုင်တော့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဂျန်နစ်ခ်ဆင်နာက "ပထမပွဲငယ်မှာ ကျွန်တော့်ရဲ့ရိုက်ချက်တိုင်းက အမှားကင်းခဲ့သလို ပြည့်စုံတဲ့ ရိုက်ချက်တွေလို့ မြင်မိပါတယ်။ ပထမပွဲငယ်မှာ တော်တော်လေး ကောင်းအောင် ကစားနိုင်ခဲ့တယ်။ ကျွန်တော်လိုချင်နေတဲ့ စွမ်းဆောင်ရည်မျိုး ဖြစ်ပါတယ်။ အော်တာမိုင်ယာအနေနဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါပဲ။ သူနဲ့ပတ်သက်ပြီး သတိထားမိတာကတော့ သူ့ရဲ့ စပေးဘောတွေတော်တော်လေးကို ကောင်းပါတယ်။ ပြိုင်ဘက်ကစားသမားတွေက စပေးဘောတွေ အရမ်းကောင်းနေရင် သေချာတယ် အဲဒီပွဲစဉ်ဟာ ခက်ခဲတဲ့ပွဲစဉ် တစ်ပွဲဖြစ်လာလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမားကို ဘိုလီနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပိန်ကလပ်အသင်းများကို ခုနစ်ပွဲဆက်အနိုင်ရရှိခဲ့သည့် ကလပ်အသင်းအဖြစ် အာဆင်နယ်အသင်းမှတ်တမ်းဝင်



**လန်ဒန် အောက်တိုဘာ ၂၃**

ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် အေဝီကိုအသင်းတို့ ပွဲစဉ်တွင် အာဆင်နယ်အသင်းက အိမ်ကွင်းတွင် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စပိန်ကလပ်အသင်းများကို ခုနစ်ပွဲဆက်အနိုင်ရရှိခဲ့သည့် ပထမဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပိန်ကလပ်အသင်းများကို အခြားလိဂ်များမှ ကလပ်အသင်းများအနေဖြင့် အနိုင်ရရှိရန် ရှန်းကန်ရလေ့ရှိသော်လည်း နောက်ပိုင်းတွင် အာဆင်နယ်အသင်းက စပိန်ကလပ်အသင်းများနှင့်တွေ့ဆုံတိုင်းရလဒ်ကောင်းလေ့ရှိပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အေဝီကို အသင်းမတိုင်မီက ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ကြိမ်၊ ဆီဗီလာအသင်းကို နှစ်ကြိမ်၊ ဂျီရိုနာအသင်း၊ ဘီလ်ဘာအို အသင်းတို့ကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပိန်ကလပ်အသင်းများကို ခုနစ်ပွဲဆက်အနိုင်ရရှိခဲ့သည့် ပထမဆုံး ကလပ်အသင်း ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိနေသည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများရရှိထားပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။ Ref : Fotmob

Trs : STA

# ဘိုင်ယန်မြူးနစ်အသင်းသမိုင်းတွင် ချန်ပီယံလိဂ်သွင်းဂိုး ပွဲဦးထွက်သွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် လန်းနက်ခါလ် မှတ်တမ်းဝင်

**မြူးနစ် အောက်တိုဘာ ၂၃**

ဘိုင်ယန်မြူးနစ် အသင်းနှင့် ကလပ်ဘရုဂျက်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် လူငယ်ကစားသမားလန်းနက်ခါလ်သည် အသင်းသမိုင်းတွင်ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲဦးထွက် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၁၇ နှစ်ရှိ ကစားသမားသည် အဆိုပါပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ပွဲကစားချိန် ငါးမိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲဦးထွက်တွင် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမား ဖြစ်လာခဲ့သည်။

ယခင် ဘိုင်ယန်မြူးနစ်အသင်းတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲဦးထွက်တွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မူစီအာလာက အသက် ၁၇ နှစ် ၁၆၃ ရက်ဖြင့် ရပ်တည်နေပြီး ယခုအခါ လန်းနက်ခါလက အသက် ၁၇ နှစ် ၂၆၂ ရက်ဖြင့် ဂိုးသွင်းယူသည့်အတွက် မူစီအာလာ၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ပွဲစကတည်းက ဖိအားပေး နိုင်ခဲ့သောကြောင့် ပွဲကစားချိန် ငါးမိနစ်တွင် လန်းနက်ခါလ်၊ ပွဲကစားချိန် ၁၄ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲကစားချိန် ၃၄ တွင် လူးဝစ်ဒီယက်ဇ်၊ ပွဲကစားချိန် ၇၉ မိနစ်တွင် ဂျက်ဆန်တို့၏ သွင်းဂိုးများဖြင့် ဂိုးပြတ်နိုင်ပွဲရခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ သုံးပွဲကစားအပြီးတွင် သုံးပွဲစလုံးနိုင်ပွဲရခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲစလုံး နိုင်ပွဲရခဲ့သည့် အသင်းငါးသင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ဂါလာတာစာရေးအသင်းသမိုင်းတစ်လျှောက် ဥရောပ ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့်ပထမဆုံးကစားသမားအဖြစ် အိုစီမန်မှတ်တမ်းဝင်

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၃**

ဂါလာတာစာရေး အသင်း တိုက်စစ်ကစားသမား အိုစီမန်သည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဂါလာတာစာရေးအသင်းနှင့် ဘိုဒိုဂလင့်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ဥရောပအဆင့်ပြိုင်ပွဲတွင် ခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့်ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အိုစီမန်သည် ဂါလာတာစာရေးအသင်းက ဘိုဒိုဂလင့်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ကိုယ်တိုင်နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် အသင်းဖော် အက်ဂန် ဂိုးသွင်းယူနိုင်ရန်အတွက်လည်း ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သူဖြစ်သည်။

အိုစီမန်သည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက နာပိုလီအသင်းမှ ဂါလာတာစာရေးအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အငှားစာချုပ် သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အိုစီမန်သည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသူဖြစ်ပြီး ဘိုဒိုဂလင့်အသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဂါလာတာစာရေးအသင်းနှင့်အတူ ဥရောပအဆင့်ပြိုင်ပွဲတွင် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။



ဂါလာတာစာရေး အသင်း သမိုင်းတစ်လျှောက်တွင် အိုစီမန် မတိုင်မီက အသင်းသမိုင်းတစ်လျှောက် ဥရောပအဆင့်ပြိုင်ပွဲတွင် ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ် ယီမက်က မှတ်တမ်းဝင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# Genesis Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မ်မင်ကျူနှင့်လီဟောင်တန်တို့ ပူးတွဲဦးဆောင်

**ချွန်နန် အောက်တိုဘာ ၂၃**

တောင်ကိုရီးယားနိုင်ငံ ချွန်နန်မြို့တွင်ကျင်းပနေသည့် Genesis Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက် ကစားသမား ကင်မ်မင်ကျူနှင့် တရုတ်ဂေါက်သီးရိုက်ကစားသမား လီဟောင်တန်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဂေါက်သီးရိုက်ကစားသမား အဒယ်ရီရာ သတ်မှတ်ရိုက်ချက်ထက် ငါးချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး စကော့တလန် ဂေါက်သီးရိုက် ကစားသမား ဖာဂူဆန်အပါအဝင် ပြိုင်ပွဲ ခုနစ်ဦးထိက သတ်မှတ်ရိုက်ချက်ထက် လေးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကင်မ်မင်ကျူသည် အိမ်ရှင် ကစားသမားတစ်ဦး ဖြစ်သလို အိမ်ရှင် ပရိသတ်များကလည်း ကင်မ်မင်ကျူအား တစ်ခဲနက် အားပေးကာဆုဖလားအားဆွတ်ခူးပေးစေလိုကြောင်း အော်ဟစ်အားပေးခဲ့ကြသည်။

ကင်မ်မင်ကျူသည် ပထမနေ့တွင် Birdies ရိုက်ချက် လေးကျင်း ရရှိခဲ့ပြီး ပထမနေ့၏အကောင်းဆုံး ကစားနိုင်ခဲ့သော ပြိုင်ပွဲဝင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

အလားတူ လီဟောင်တန်ကလည်း အကောင်းဆုံး ကစားနိုင်ခဲ့ပြီး ပရိသတ်များ၏ အားပေးမှု ရရှိထားသော ကင်မ်မင်ကျူအား ဖိအားပေးထားနိုင်ခဲ့သည်။

ကင်မ်မင်ကျူက "ပထမနေ့မှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်နဲ့ပတ်သက်ပြီး အားရကျေနပ်မှုရှိသလို အမှားအနည်းဆုံးဖြစ်အောင်လဲ ကစားနိုင်ခဲ့ပါတယ်။ ရိုက်ချက်တွေက ကောင်းတာမျိုး မဟုတ်ပေမဲ့လဲ ရလဒ်ကောင်း ရဖို့အတွက်တော့ လုံလောက်ခဲ့ပါတယ်။ ဂေါက်ကလပ်ကလဲ ကောင်းတယ်။ ပရိသတ်တွေရဲ့ အားပေးမှုကလဲ အံ့မခန်းပါပဲ။ ကျွန်တော့်အနေနဲ့ ပထမနေ့မှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်ကို နောက်ဆုံးနေ့ထိ ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမယ်။ တောင်ကိုရီးယား ပရိသတ်တွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးချင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE

Trs : AZL

# မာတီတာကိုခေါ်ယူရန် မန်ယူအသင်းနှင့် စပါးအသင်းတို့ ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၂၃**

ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတီတာကို မန်ယူအသင်းနှင့် စပါးအသင်းတို့ အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။

တိုက်စစ်မှူး မာတီတာသည် ပဲလေ့စ်အသင်းနှင့်စာချုပ်ကုန်ဆုံးရန် ၁၂ လသာ ကျန်ရှိတော့ပြီး အသင်း တာဝန်ရှိသူများက သက်တမ်းတိုးရန် စီစဉ်နေသော်လည်း ကစားသမားကိုယ်တိုင်က ငြင်းဆိုထားသဖြင့် သက်တမ်းတိုးရန် ကြန့်ကြာနေကြောင်း သိရသည်။

ထို့ပြင် မာတီတာက ကစားသမားဘဝတစ်ဆင့် မြင့်တင်နိုင်မည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသောကြောင့် မန်ယူအသင်းနှင့် စပါးအသင်းတို့ကအပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် တိုက်စစ်ပိုင်းတွင် ဝုဗ်အသင်းမှကန်ဟာနှင့် ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုတို့ကို ခေါ်ယူထားသော်လည်း တိုက်စစ်ပိုင်း တိုးတက်လာခြင်း မရှိသဖြင့် တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် မာတီတာကို ခေါ်ယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ မာတီတာသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲစလုံး ပါဝင်ခဲ့ရာတွင် သွင်းဂိုး ငါးဂိုးသွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တတိယမြောက် ဂိုးအများဆုံး သွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

**မန္တလာကိုကိုဝင်း**

ဤကမ္ဘာလောကတွင် လူသားတို့သည် ကမ္ဘာကြီးကို ပညာဖြင့်အလှဆင်လျက်ရှိကြသည်။ နိုင်ငံတိုင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပိုမိုတိုးတက်အောင် ကြိုးစားလျက်ရှိရာတွင်လည်း ပညာကိုအသုံးပြုနေကြရသည်။ ပညာတတ်အရင်းအမြစ် ကြွယ်ဝသည့် နိုင်ငံသည် ပိုမိုတိုးတက်ပြီး ပညာတတ် အရင်းအမြစ်နည်းပါးသောနိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလျက်ရှိသည်။ လူတစ်ဦးနှင့်ပမာပြုနိုင်းယှဉ်ပြရလျှင် ပညာရဲရင့် ပွဲလယ်တင့် ဆိုစကားနှင့်အညီ ပညာပိုမိုတတ်မြောက်သူက လူအများ၏ ကြည်ညိုလေးစားခြင်းခံကြရသည်။ အလုပ်အကိုင်အခွင့်အလမ်းများတွင် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များရရှိကြသည်မှာ ပညာကြောင့်ဖြစ်သည်။ ပညာတတ်ပေါများ၍ဖွံ့ဖြိုးတိုးတက်သော နိုင်ငံသည်လည်း ကမ္ဘာ့အလယ်တွင် ကြွားကြွားဝင့်ဝင့် ရပ်တည်နေနိုင်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံအဖြစ်ရောက်ရှိစေရန်မှာ ပညာတတ်လူသားအရင်းအမြစ်များပေါကြွယ်ရမည်ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်သည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊" "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသော မူဝါဒသုံးရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မူဝါဒသုံးရပ်စလုံးမှာ ပညာရေးနှင့်ဆက်နွှယ်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုပြုရာတွင်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာတွင်လည်းကောင်း ပညာဖြင့် ပါဝင်ဆောင်ရွက်လုပ်ကိုင်ကြရမည်သာဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်တစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားများတွင်လည်းကောင်း၊ တပ်မတော်သားအရာရှိ၊ စစ်သည်မိသားစုများနှင့်တွေ့ဆုံသည့် အခမ်းအနားတွင်လည်းကောင်း ပညာရေးနှင့်ပတ်သက်၍ ပညာရေးကို အလေးထားလုပ်ဆောင်ကြရန် ထည့်သွင်းပြောကြားလျက်ရှိသည်။ ထို့အတူ ပညာထူးချွန်သူများကိုလည်း အထူးချီးမြှင့်မြှောက်စားကာ အားပေးလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများကို နှစ်စဉ်နှစ်တိုင်း အလေးထား ဂုဏ်ပြုချီးမြှင့်လျက်ရှိသကဲ့သို့ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများကိုလည်း ဂုဏ်ပြုချီးမြှင့်သည့်အပြင် ပြည်ပခရီးစဉ်များကို စေလွှတ်ပေးခဲ့သည်။ ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက်အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် ပြည်ပအတွေ့အကြုံကောင်းများရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးသည်မှာ နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကို အားပေးစို့ဟူသော မူဝါဒပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အောက်တိုဘာ ၁၉ ရက်တွင် ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် "ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများနည်းပါးနေသေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့် ပညာကဏ္ဍနှင့် ပတ်သက်၍ သင်ကြားခြင်းနှင့်သင်ယူမှုများ တိုးတက်စေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

> ❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် လက်တွေ့အသုံးချ သိပ္ပံပညာရပ်များဖြစ်သည့် ကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကိုဖွင့်လှစ်ထားပြီးဖြစ်သည်။ ထို့အတူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းဖွင့်လှစ်ပေးပြီးဖြစ်သည်။ ❖

လူသားတို့သည် လူမှုပတ်ဝန်းကျင်တွင် အပြိုင်အဆိုင်ကိစ္စရပ်များ များပြားစွာရှိကြသည်။ ထိုသို့ပြိုင်ဆိုင်မှုများတွင် မိသားစုအလိုက်ဖြစ်စေ၊ မြို့နယ်ခရိုင်အလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ ပညာရေးနှင့်ပတ်သက်သည့် ယှဉ်ပြိုင်မှုများကို ပိုမိုလုပ်ဆောင်ကြရမည်ဖြစ်သည်။ ပညာအရည်အချင်းနည်းပါးသူသည် အတွေးအခေါ် အမြော်အမြင်နည်းပါးပြီး မိမိဘဝတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်မှု နည်းပါးလှသည်။ ကျောင်းနေအရွယ်တွင် ပညာကိုပြီးမြောက်အောင် မသင်ယူခဲ့သူများမှာ ဒုစရိုက်မှု ကျူးလွန်ရာတွင် ပါဝင်ကြသူများဖြစ်လာကြသည်။

ယနေ့အချိန်ကာလ နိုင်ငံတော်ကိုအကြမ်းဖက်လုပ်ရပ်များဖြင့် ဆိုးကျိုးပြုနေသူအများစုမှာလည်း ပညာနည်းပါးသူများဖြစ်ကြောင်း လေ့လာသိရှိရသည်။ ရပ်ကွက်၊ ကျေးရွာများတွင် ပညာအရည်အချင်းနည်းပါးပြီး အလုပ်လက်မဲ့ဖြစ်နေသူ လူငယ်များကို နိုင်ငံတော်ကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်သူများက စည်းရုံးသိမ်းသွင်းကာ လက်နက်ကိုင်ဆောင်စေပြီး အကြမ်းဖက် အဖျက်လုပ်ရပ်များကို လုပ်ကိုင်စေသည်။ လူသတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ဓားပြတိုက်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ ဖျက်ဆီးခြင်းစသည်ဖြင့် အကျိုးမဲ့လုပ်ရပ်များကို လုပ်ဆောင်နေသည်မှာ ပညာမဲ့များဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းပညာရပ်ကို အနိမ့်ဆုံးအဆင့် (KG+9)ထိ သင်ယူပြီးမြောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများကို ဆက်လက်သင်ယူနိုင်ရေး အလေးထားလုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ စာရေးသူအနေဖြင့် ကျောင်းနေအရွယ်များ ကျောင်းမနေဘဲ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်နေသည်ကို မြင်တွေ့မိသည့်အခါ ရင်ထဲတွင် အလွန်ပင် စိတ်မကောင်းဖြစ်မိသည်။ အဆိုပါ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေခြင်း ရှိ၊ မရှိကို စစ်ဆေးရန် အဖွဲ့အစည်းတစ်ရပ် ထူထောင်လိုစိတ်ပင် ဖြစ်ပေါ်မိသည်။ သည်လိုကလေးများ များပြားလာလျှင် နိုင်ငံတော်အနာဂတ်အတွက် စိုးရိမ်ဖွယ်ကောင်းသည်။ လူငယ်တိုင်းသည် နိုင်ငံတော်က ချမှတ်ထားသည့်အတိုင်း အနိမ့်ဆုံးအဆင့် အခြေခံပညာအလယ်တန်းကို ပြီးမြောက်အောင်သင်ယူစေသင့်သည်။

ပညာဆိုသည်မှာ အတန်းပညာများကို ပြီးမြောက်အောင်မြင်အောင် သင်ယူရခြင်းဖြစ်သကဲ့သို့ မိမိတို့ဘဝအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ယူခြင်းမှာလည်း ပညာသင်ယူခြင်းဖြစ်သည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း ကျောင်းများသည် ပညာကိုတတ်အောင်သင်ပေးသည့်နေရာများဖြစ်သကဲ့သို့ စည်းကမ်းရှိအောင် လေ့ကျင့်ပြုပြင်ပေးသည့် နေရာများလည်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ်ဟူသော ပညာဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းရှိခြင်းဟူသော ကိုယ်ကျင့်သိက္ခာသည်လည်း ရှိနေရမည်ဖြစ်သည်။

ပညာသည် လူငယ်များနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ အရွယ်အားလုံးနှင့်သက်ဆိုင်သည်။ လူမှုစီးပွားဘဝများကို ဆောင်ရွက်နေသမျှကာလပတ်လုံး ပညာမပါဘဲ လုပ်ငန်းများအောင်မြင်မှု မရှိသည်မှာ အမှန်ပင်ဖြစ်သည်။ လောကနီတိ၌ ပထမအရွယ်ပညာရှာ၊ ဒုတိယအရွယ်ဥစ္စာရှာ၊ တတိယအရွယ်တရားရှာဟု ညွှန်ပြထားသော်လည်း အရွယ်အားလုံးတွင် ပညာမပါဘဲနှင့် လိုရာသို့ရောက်နိုင်မည်မဟုတ်ပေ။ ပညာကို မွေးဖွားသည့်အချိန်မှစ၍ သင်ယူကြရသည်။ နောက်ဆုံးအဆင့် တရားရှာနေသည့်အခြေအနေတွင်ပင် ပညာသည်ဦးဆောင်လျက်ရှိသည်။ လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်ကို ပိုင်ဆိုင်သူများဖြစ်သည့်အလျောက် လူငယ်တိုင်း ပညာတတ်ရန်လိုအပ်သည်။ ပညာမဲ့သူ၊ ပညာအခြေခံနည်းပါးသူသည် ဆင်ခြင်တွေးခေါ်မှု နည်းပါးသည့်အတွက် သူတစ်ပါးတို့၏ လိမ်လည်လှည့်ဖြားမှုကိုခံကြရသည်။ အမှားနှင့်အမှန်ကို မှန်ကန်စွာ သိမြင်နိုင်မှု နည်းပါးသည့်အတွက် မလုပ်သင့်၊ မလုပ်အပ်သော ဒုစရိုက်မှုများကို လွယ်ကူစွာကျူးလွန်လေ့ရှိသည်။ ထိုသို့သော လူငယ်များ နည်းပါးလာစေရေးမှ ပပျောက်ရေးထိ လုပ်ဆောင်နိုင်ရေးမှာပညာသာဖြစ်သည်။ ပညာရေးသည် လူတစ်ဦး၏ဘဝတိုးတက်ရေးဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့ ဟုဆိုရာတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍ၊ မိဘများ၏ အခန်းကဏ္ဍ၊ ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည် အဓိကဖြစ်သည်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးသာယာအောင်၊ လှပအောင် တည်ဆောက်နိုင်ရေးမှာ ပညာသည် အဓိကဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပညာတတ်လူငယ်များသည် မပါမဖြစ်ပါဝင်ဆောင်ရွက်ကြရမည့်သူများ ဖြစ်ကြသည်။ လူတော်ဖြစ်အောင် ပညာရေးကို ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားပြီး လူကောင်းဖြစ်အောင် ပြည်သူ့နီတိကျင့်ဝတ်များကို လေ့လာသင်ယူလိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ လူတော်လူကောင်းများဖြစ်နေမှလည်း နိုင်ငံတော်၏ အနာဂတ်ကို လှပအောင် ပုံဖော်နိုင်ကြမည်ဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် လက်တွေ့အသုံးချ သိပ္ပံပညာရပ်များဖြစ်သည့် ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကိုဖွင့်လှစ်ထားပြီးဖြစ်သည်။ ထို့အတူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင်အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းဖွင့်လှစ်ပေးပြီးဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့အနာဂတ်ကို အဆုံးအဖြတ်ပေးမည်မှာ ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားမှုပင်ဖြစ်သည်။ ပညာတစ်ပိုင်းတစ်စဖြင့် လုပ်ငန်းခွင်ဝင်မည်ဆိုပါက အဆင်မပြေမှုများနှင့် ကြုံတွေ့ရမည်ကိုကြိုတင်စဉ်းစားကြရမည်ဖြစ်သည်။ မိမိတို့၏ အနာဂတ်၊ မိမိနေထိုင်သည့်နိုင်ငံ၏ အနာဂတ်ကို အကောင်းမွန်ဆုံး၊ အတောက်ပဆုံးဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏" ဟုဆိုသည့်အတိုင်း ယနေ့လူငယ်မောင်မယ်များအနေဖြင့် ပညာပြည့်ဝပြီး နှလုံးလှသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံပညာရေးလမ်းကြောင်းကို ခင်းထားပေးနေချိန်တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆိုပါလမ်းကြောင်းတွင် တည့်မတ်ဖြောင့်တန်းစွာ လျှောက်လှမ်းကြရမည်ဖြစ်သည်။ ထို့အတူ မိဘများ၊ ဆရာ၊ ဆရာမများကလည်း မိမိတို့၏သားသမီးများ၊ တပည့်များကို နိုင်ငံတော်အတွက် အဖိုးတန်သူများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ပညာတတ်များ ပေါများမှ နိုင်ငံတော်သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်လိုသော နိုင်ငံသားအားလုံးက မိမိနေထိုင်သည့်နိုင်ငံကို အခြားနိုင်ငံများထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေချင်သည်။ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူ၍ တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ။**

## မော်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မတန်မရာ ( UNWORTHY ) ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၃**

မော်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မတန်မရာ ( UNWORTHY ) ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ The Eravati Hotel တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ မတန်မရာ ( UNWORTHY ) ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် နေတိုးထံမှ သိရသည်။

အဆိုပါ မတန်မရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မင်းဆက်သစ်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ မင်းဆက်သစ်က မော်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ကျွန်တော်နဲ့ ဖွေးဖွေး အနုပညာမောင်နှမနှစ်ယောက်ရဲ့ ဆယ်စုနှစ် တစ်ခုကြာမှ ပြန်လည်ဆုံစည်းရိုက်ကူးကြတဲ့ကားလို့ပြောရင်လဲ မမှားပါဘူး။ ဒီကားက ဇာတ်ကောင်ကလဲ ကိုယ်နဲ့လိုက်ဖက်မှုရှိတယ်။ ပါဝင်ကြတဲ့ တခြားဇာတ်ကောင်တွေကလဲ သူ့နေရာနဲ့သူ အံဝင်ခွင်ကျရှိတယ်။ ဇာတ်လမ်းသွားတဲ့ပုံစံကလဲ ဒီဘက်ခေတ်ရဲ့ ပရိသတ်တွေအတွက် အမြင်ဆန်းစေမဲ့ ဇာတ်လို့လဲ ပြောလို့ရပါတယ်။ ဒီကားမှာ ကျွန်တော့်ကို အိမ်ထောင်သည် ဇာတ်ရုပ်တစ်ခုအနေနဲ့မြင်ရမှာပါ" ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

မတန်မရာ ( UNWORTHY ) ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ချာလီ၊ ဖွေးဖွေး၊ ဝင်းသပြေထွန်း၊ ဒီး၊ ခင်ဇာခြည်ကျော်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

## The Assassin လျှို့ဝှက်သည်းဖိုဇာတ်ကား၌ တောင်ကိုရီးယား မင်းသား သုံးဦးပါဝင်မည်

**ဆိုလ်း အောက်တိုဘာ ၂၃**

The Assassin အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ တောင်ကိုရီးယား မင်းသား ပတ်ဟေအီ၊ ယိုဟာဂျင်းနှင့် လီမင်းဟိုတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်း များအရ သိရသည်။

The Assassin ဇာတ်ကားသည် ၁၉၇၄ ခုနှစ်ကို နောက်ခံထား၍ တောင်ကိုရီးယားသမ္မတ ပက်ချောင်ဟီးကို လုပ်ကြံရန် ကြိုးပမ်းမှုတစ်ရပ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို တောင်ကိုရီးယား ဒါရိုက်တာ ဟာဂျန်ဟိုးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသား ပတ်ဟေအီနှင့် ဒါရိုက်တာ ဟာဂျန်ဟိုးတို့သည် The Last Princess သမိုင်းနောက်ခံဒရာမာဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ကြဖူးပြီး မင်းသား ပတ်ဟေအီသည် ဒါရိုက်တာ ဘွန်ဂျွန်ဟို၏ The Host and Hansan: Rising Dragon အပါအဝင် နာမည်ကျော် ကိုရီးယားဇာတ်ကားများဖြင့် ထင်ရှားသူဖြစ်သည်။

The Assassin ဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**



## တေးသံရှင် ဇော်ဝင်းထွဋ်၏ One Man, One Legend Show တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ် Godzilla Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် အောက်တိုဘာ ၂၃**

တေးသံရှင် ဇော်ဝင်းထွဋ်၏ One Man, One Legend Show တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Godzilla Bar ၌ နိုဝင်ဘာ ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဇော်ဝင်းထွဋ်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဇော်ဝင်းထွဋ်၏ One Man, One Legend Show တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဇော်ဝင်းထွဋ်နှင့်အတူ နာမည်ကျော် The Emperor Music Band တေးဂီတအဖွဲ့ကလည်း ပါဝင်ပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"မန်းပရိသတ်တွေအတွက် အမှတ်တရဖြစ်မဲ့ ညတစ်ညပါ။ မာကျူရီည Album ကနေ ဒီနေ့အချိန်ထိ အားပေးခဲ့ကြတဲ့ ပရိသတ်တွေအတွက် အကောင်းဆုံးသီချင်းတွေကို ရွေးချယ်သီဆိုပေးဖို့ ပြင်ဆင်ထားပြီးပါပြီ" ဟု တေးသံရှင် ဇော်ဝင်းထွဋ်က ပြောပြသည်။

တေးသံရှင် ဇော်ဝင်းထွဋ်၏ One Man, One Legend Show တေးဂီတဖျော်ဖြေပွဲကို Godzilla Bar တွင် နိုဝင်ဘာ ၁ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေသီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

## The Drama အချစ်ဟာသဇာတ်ကားကို ၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် အောက်တိုဘာ ၂၃**

The Drama အမည်ရှိ အချစ်ဟာသဇာတ်ကားကို ၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ရုံတင်ပြသရန် A24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

မင်းသမီး ဇန်ဒါးယားနှင့် မင်းသား ရောဘတ်ပက်ဆန်တို့ ပါဝင်သရုပ်ဆောင်ထားသည့် The Drama ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ရုံတင်ပြသရန် A24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

The Drama ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာဘော်ဂလီက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားကြောင်း၊ လက်ရှိတွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

The Drama ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကပင် ပြီးဆုံးခဲ့ပြီးဖြစ်ကာ ဒါရိုက်တာ ခရစ္စတိုဖာဘော်ဂလီသည် မင်းသား နီကိုလပ်ကေ့၏ Dream Scenario ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




## Fragments of Light Fine Art & Diamond Exhibition ပန်းချီပြပွဲကို ဇမ္ဗူသီရိမြို့နယ်ရှိ 1977 Restaurant & Lounge တွင် ပြသမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

Fragments of Light Fine Art & Diamond Exhibition Group Art Exhibition ပန်းချီပြပွဲကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ 1977 Restaurant & Lounge ၌ အောက်တိုဘာ ၂၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အောင်ကိုထံမှ သိရသည်။

အဆိုပါ Fragments of Light Fine Art & Diamond Exhibition Group Art Exhibition ပန်းချီပြပွဲကို Sar Ga Gallery နှင့် 1977 Restaurant & Lounge တို့ ပူးပေါင်းကာ ပြုလုပ်မည်ဖြစ်ပြီး ၎င်းပန်းချီပြပွဲကို အောက်တိုဘာ ၂၅ ရက်နှင့် အောက်တိုဘာ ၂၆ ရက် နှစ်ရက်တာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နေပြည်တော်က 1977 Restaurant & Lounge မှာ Sar Ga Gallery နဲ့ 1977 Restaurant & Lounge တို့ ပူးပေါင်းပြီးတော့ လုပ်မဲ့ Group Art Exhibition မှာ ပန်းချီကား ၇၀ လောက်ပြသသွားဖို့ရှိပါတယ်။ အားလုံး Artist ရှစ်ယောက်ပါဝင်ပြီးတော့ ပြသမှာပါ။ နေပြည်တော်မှာရှိတဲ့ ပန်းချီအနုပညာချစ်သူတွေအားလုံးကို လာရောက်ခဲ့ဖို့ လေးစားစွာဖိတ်ခေါ်ပါတယ်"ဟု ပန်းချီ အောင်ကိုက ပြောပြသည်။

အဆိုပါ ပြပွဲတွင် ပန်းချီ အောင်ကို၊ အေးမင်း၊ ဘခိုင်၊ စီအန်ကော၊ မင်းဇေယျာဦး၊ မြတ်ကို၊ မြတ်ကျော့၊ ပြည့်စုံကြွယ်တို့၏ ပန်းချီကားများကို ခံစားရမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄)လက်မ၊ (၂၄x ၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း သိရသည်။ ASH

# Plan underway to grow more than 1,000 acres of sweet corns in YeU Township this year



A sweet corn plantation in YeU Township.

**YeU October 23**

Statistics of YeU District Agriculture Department stated that local farmers will grow more than 1,000 acres of sweet corns in coming cold season in YeU Township of Sagaing Region.

During the 2025–2026 winter crop season, it is planned to cultivate 1,067 acres of sweet corn in YeU Township, with planting to take place from October to December this year.

U Zaw Myint Tun, Head of the District Department of Agriculture in YeU, said: "This winter crop season in YeU Township, we have planned over 1,000 acres of sweet corn cultivation. We will work to ensure that the planned acreage is fully achieved. At present, cultivation is progressing well, even beyond the initial target. To ensure successful growth of the corn crops, we will provide technical awareness and guidance to prevent pest and disease outbreaks."

The Township Department of Agriculture will provide sweet corn farmers in YeU with training sessions, field demonstrations, and awareness on preventive measures against corn borer pests, the use of integrated pest management practices, and application of insecticides and fungicides such as neem, chili solutions, and other crop protection methods.

In YeU Township, sweet corn cultivation yields about 15,000 ears per acre, while the cost of cultivation is estimated at over K500,000 per acre. 206

# Farmers harvest more than 10,000 acres of groundnut in Shwebo Township this year crop season

**Shwebo October 23**

Local farmers in Shwebo Township of Sagaing Region have harvested more than 10,000 acres of groundnut in the township this year, according to the township Agriculture Department.

In Shwebo Township, a total of 10,625 acres of groundnut were cultivated during this year's monsoon crop season. Harvesting of these groundnut fields began in August, and as of today, 10,011 acres have been harvested, with yields averaging 40.10 baskets per acre.

"This year, during the monsoon crop season, groundnut was cultivated on up to 10,625 acres in Shwebo Township. Harvesting is now underway, and over 10,000 acres have already been harvested. Cultivation has even exceeded the target acreage. As an oil crop, it is in a successful condition, and groundnut farming here has improved year by year," said U San Oo, Head of the Shwebo Township Agriculture Department.

It is learned that for groundnut cultivation in Shwebo Township, about one and a half baskets of seed are required per acre, and the production cost, including seed expenses, labor charges, fertilizer, and pesticide costs, amounts to over K200,000 per acre, while yields can reach over 50 baskets per acre

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and keep fields free of weeds, officials from the Township Agriculture Department carried out field inspections and maintained field-monitoring records. 206

# Budalin Township completes cultivation of more than 1,000 acres of cotton

**Budalin October 23**

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 1,000 acres of cotton crops as monsoon crops in Budalin Township of Sagaing Region this year.

For the 2025-2026 monsoon crop season, it is planned to cultivate 5,264 acres of cotton in Budalin Township. Cultivation began in June this year, and as of today, 1,058 acres have already been planted.

"The plan for this year's monsoon season in Budalin Township is to grow over 5,000 acres of cotton. Up to now, more than 1,000 acres have been completed, and efforts are being made to meet the target acreage. To ensure successful cotton production, quality and pure cotton seeds are being distributed so that farmers can conveniently plant them in time for the season," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Township Agriculture Department has been providing farmers with good quality cotton varieties, preventive measures against pests and diseases, correct cultivation methods for higher yields, and technical training courses to ensure successful and sustainable cotton cultivation.

The production cost of cotton is about K350,000 per acre, and yields are around 1,000 viss per acre. Farmers are also able to intercrop with onion before cotton harvesting, and with green gram after cotton, which ensures continuous crop production and helps increase income.

Cotton is being successfully cultivated across 19 townships in Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts in Sagaing Region. 206

# Tunisia, Libya vow to deepen economic cooperation

**Tunis October 23**

Tunisian Prime Minister Sarra Zaafrani Zenzri met visiting Libyan Minister of Economy and Trade Mohamed al-Hwej in Tunis on Wednesday, with the two sides reaffirming their commitment to deepening economic and trade cooperation, according to a statement released by the Tunisian government.

During the talks, the two reviewed the outcomes of the Tunisian-Libyan Joint Trade Commission meeting held on Dec. 7-8, 2024, in Tripoli.

Zenzri emphasized Tunisia's commitment to enhancing and diversifying trade relations with Libya, as well as advancing economic integration between the two neighboring countries.

She also reiterated Tunisia's firm support for the Libyan people's sovereign choices, underscoring that the Libyan issue remains an internal matter free from foreign interference.

For his part, Al-Hwej called for harmonizing standards to ensure the smooth flow of goods across border crossings.

He also underscored the importance of enhancing private sector development, promoting the digitalization of administrative procedures, and removing barriers to trade.

Xinhua

# Pentagon announces new press corps after mainstream exodus



The Pentagon building in Arlington, Virginia.

**Washington October 23**

The Pentagon has unveiled the lineup of its new press corps, which is mainly comprised of conservative news outlets seen as supportive of US President Donald Trump's administration.

The reshuffle at the Department of War came after journalists from major outlets, including The New York Times, the Associated Press, CNN, and the Washington Post, rejected a revised media access policy introduced by Secretary of War Pete Hegseth and returned their press passes last week.

Pentagon spokesman Sean Parnell said in a post X on Wednesday that more than 60 reporters, "representing a broad spectrum of new media outlets and independent journalists," will make the "the next generation" of the Pentagon press corps after signing up to the new rules.

They will be joining 26 journalists from 18 outlets that used to work at the Pentagon previously and also opted to agree to the new access policy, he added.

Under the updated policy, reporters could be deemed "a security or safety risk" if they reach out to employees at the Pentagon for sensitive information to be used in their reporting on the US military. According to Hegseth, it is being introduced to make sure that "press no longer roams free… wear visible badge… [and] no longer permitted to solicit criminal acts." RT

# Over 15,000 travellers visit Ngwe Taung Beach in Hainggyikyun in June


Visitors seen at Ngwe Taung Beach in Hainggyikyun.

**Ngaputaw October 23**

A total of 15,155 travellers visited Ngwe Taung Beach near Tin Chaung Village in Hainggyikyun, Ayeyawady Region, in September, said Daw Ni Ni Mar, in charge of the Ngaputaw Township Tourism Association.

Ngwe Taung Beach in Hainggyikyun, Ngaputaw Township, welcomed 14,355 travellers in August this year, and 15,155 travellers in September this year.

"In the past month, 15,155 travellers visited Ngwe Taung Beach. Although it is the rainy season, it must be said that the number of travellers has not decreased much. There were many domestic travellers from Yangon and Nay Pyi Taw during the month. Most of them visited on Saturdays and Sundays, and holidays. There are also many visitors now. We are providing systematic services to the visitors," she said.

Tourism operators, relevant officials, and locals are working together to ensure that the visitors visiting the beach have a comfortable trip, are clean, and have a peaceful vacation, including security and discipline.

KKL

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pyapon Township ships large quantity of dried Spanish mackerels to Yangon in September

**Pyapon October 23**

Large quantity of dried Spanish mackerels from Pyapon Township, Ayeyawady Region were sold to the Yangon market in September, said Daw Hla Hla Htay, owner of the dried fish sales center in Pyapon Township.

Pyapon Township sold only 52,000 visses of dried Spanish mackerels to the Yangon market in August, but in the month of September, it shipped 67,000 visses of dried Spanish mackerels.

"Dried sea Spanish mackerels are being systematically produced and mainly transported to the Yangon market. In the last month, 67,000 visses of dried Spanish mackerels were sold. The dried sea fish currently being sold are dried sea fish made in summer. The dried sea fish are being bought by local consumers," she said.

Seafood traders in Pyapon Township are making fish paste and dried fish and transporting dried fish, including local dried Spanish mackerels, to the Yangon market. The price of dried Spanish mackerels is up to 345,000 kyats per viss. KKL


Dried Spanish mackerels.

# Mawlamyinegyun Township sells larger volume of paddy to Yangon market in September

**Mawlamyinegyun October 23**

Local merchants from Mawlamyinegyun Township of Ayeyawady Region sold a large volume Hnankar paddy to Yangon market in September, said Daw Pa Pa Lin, the owner of paddy and rice trading in Mawlamyinegyun Township.

From Mawlamyinegyun Township, a total of 70,000 baskets of Hnanka paddy were transported and sold to the Yangon market in August, while sales reached 79,000 baskets during September. The market price is reported to be around K1.56 million per 100 baskets of paddy.

Daw Pya Pya Lwin, said: "Farm produce from Mawlamyinegyun is mainly transported and sold to Yangon and Pathein markets. Compared with August, more paddy was sold in September. Even within September, there have been many offers to buy paddy in bulk. As paddy and rice sales improve like this, people engaged in related transport and trading businesses are gaining more job opportunities, and those who store paddy are also benefiting."

In Mawlamyinegyun Township, farm produce including Hnanka paddy is being systematically processed by local entrepreneurs, who mainly connect with Yangon market traders for sales, while distribution is also being extended to other regions. Kyaw Kyaw Lin


Farmers putting paddy into bags.

# All groundnut plantations harvested in Pwintbyu Township

**Pwintbyu October 23**

Local farmers have harvested all sown acreage of groundnut in Pwintbyu Township of Magway Region this year, according to the township Agriculture Department.

They planted 5,267 acres of groundnut in the township during monsoon, and they started harvest of crops in August this year. So far, they have harvested all plantations of crops, yielding 55.26 baskets per acre.

In Pwintbyu Township, groundnut cultivation during this year's monsoon crop season was initially planned for 3,619 acres, but the actual planted area reached 5,267 acres. All the cultivated groundnut fields have now been fully harvested. With sufficient cultivation, the groundnut fields achieved successful yields, with an average output of 55.26 baskets per acre.

Township Head of the Department of Agriculture in Pwintbyu, Daw Moe Moe Wai, said: "To prevent yield loss, farmers were guided to carry out timely harvesting and to properly store harvested groundnuts under shelter to maintain quality. It is also learned that during this monsoon crop season, the Department of Agriculture provided farmers in Pwintbyu Township with training and field-level assistance on growing suitable quality seeds, applying correct cultivation methods, practicing GAP standards, using fertilizers systematically, and preventing pests and diseases."

She added that if groundnuts are cultivated with good yield and quality, it will not only meet local oil consumption needs but also allow surplus to be sold for income, thereby improving socioeconomic conditions. Therefore, efforts should be made across different areas to expand groundnut cultivation.

Ye Win Naing (NyaungU)

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## AeroVironment နှင့် Korean Air ကုမ္ပဏီတို့က မောင်းသူမဲ့စနစ်တပ်ဆင်ထားသော ဒရုန်းအမျိုးအစားသစ် ပူးတွဲထုတ်လုပ်ရန် သဘောတူလက်မှတ်ရေးထိုး



အမေရိကန်နိုင်ငံ AeroVironment နှင့် တောင်ကိုရီးယားနိုင်ငံ Korean Air ကုမ္ပဏီတို့သည် တောင်ကိုရီးယားနိုင်ငံအတွက် နည်းဗျူဟာမြောက် မောင်းသူမဲ့စနစ် တပ်ဆင်ထားသော ဒရုန်းအမျိုးအစားသစ်ကို ပူးတွဲထုတ်လုပ်ရန် သဘောတူ လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသဘောတူညီချက်အရ Korean Air ကုမ္ပဏီသည် AeroVironment ၏ အဓိက ပြည်တွင်းမိတ်ဖက်အဖြစ် သတ်မှတ်ခံရပြီး ကနဦးစီမံကိန်းများသည် JUMP 20 ၏ စိတ်ကြိုက်ပြုပြင်ထားသော မူကွဲတစ်ခုအပေါ် အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ကုမ္ပဏီနှစ်ခုသည် သုတေသန၊ ထုတ်လုပ်မှုနှင့် နည်းပညာများကို မျှဝေရင်း၊ တောင်ကိုရီးယားစစ်ဘက်၏ လိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် အဆိုပါဒရုန်းစနစ်ကို တပ်ဖြန့်အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိသည်။

"ဒီသဘောတူညီချက်ဟာ ကျွန်တော်တို့ရဲ့ နိုင်ငံတကာနယ်ပယ်၊ ဈေးကွက်တည်ရှိမှုနဲ့ ကမ္ဘာတစ်ဝန်းရှိ ယုံကြည်စိတ်ချရတဲ့ ပြည်တွင်းမိတ်ဖက်တွေနဲ့ ပူးပေါင်းပြီး လိုက်လျောညီထွေဖြစ်အောင် ပြုပြင်နိုင်တဲ့ ဖြေရှင်းနည်းတွေပေးအပ်ဖို့ ကတိကဝတ်ကို ဖော်ပြနေပါတယ်။ မစ်ရှင်တွေအတွက် မယုံနိုင်လောက်အောင် ပြောင်းလွယ်ပြင်လွယ်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားလျင်မြန်စွာ တိုးတက်နေတဲ့ JUMP 20 ဒရုန်းဟာ ကျွန်တော်တို့ရဲ့ Korean Air နဲ့ မိတ်ဖက်ပူးပေါင်းမှုကိုခိုင်မာစေပြီး ကိုရီးယားရဲ့ ပေါ်ပေါက်လာနေတဲ့ ကာကွယ်ရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မယ်"ဟု AeroVironment ကုမ္ပဏီ၏ အာရှပစိဖိတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒါရိုက်တာဖြစ်သူ Larry Satterfield က ပြောကြားခဲ့သည်။

AeroVironment ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် JUMP 20 ဒရုန်းသည် ဒေါင်လိုက် ပျံသန်း၊ ဆင်းသက်နိုင်သော(VTOL) ဒရုန်းအမျိုးအစားဖြစ်ပြီး ပြေးလမ်းသို့မဟုတ် ပစ်လွှတ်သည့်စနစ် သီးခြားမလိုအပ်ဘဲ အသုံးပြုနိုင်သည့်အတွက် မိနစ် ၃၀ အောက်အတွင်း တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုနိုင်မည်ဖြစ်သည်။ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး မစ်ရှင်များအပြင် နယ်စပ်ဒေသ စောင့်ကြည့်ရေးအတွက် ကင်မရာများ၊ အာရုံခံကိရိယာများစသည့် Payloads အမျိုးမျိုး တင်ဆောင်နိုင်သည်။ ကိုယ်ထည်အလျားမှာ ၁၀ ပေ၊ တောင်ပံအကျယ် ၁၉ ပေ၊ အများဆုံးဝန်တင်နိုင်မှု ပေါင် ၃၀၊ အမြင့်ဆုံးပျံတက်နိုင်သော အလေးချိန် ၂၁၅ ပေါင်(၉၆ ကီလိုဂရမ်) ရှိပြီး အင်ဂျင်အမျိုးအစား ၁၉၀ စီစီ Electronic Fuel Injection အင်ဂျင်တို့ တပ်ဆင်အသုံးပြုထားသည်။ အလျင်နှုန်း တစ်နာရီလျှင် ၅၈ မိုင်(၉၃ ကီလိုမီတာ)၊ အမြင့် ပေ ၁၇၀၀၀ (၅၁၈၁ မီတာ)၊ အကွာအဝေး ၁၁၅ မိုင်(၁၈၅ ကီလိုမီတာ)ထိ လေထဲတွင် ၁၃ နာရီကျော်ကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ JUMP 20 ဒရုန်းကို ဒိန်းမတ်နှင့် အီတလီနိုင်ငံတို့အပါအဝင် NATO အဖွဲ့ဝင်နိုင်ငံများစွာ၏ စစ်တပ်များတွင် လက်ရှိ အသုံးပြုလျက်ရှိကြောင်း သိရသည်။

**South Korea Expands Drone Systems With New AeroVironment Partnership ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲနိုင်ငံက အလွှာပေါင်းစုံ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်အတွက် Hisar O ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

တူကီယဲနိုင်ငံသည် Steel Dome အစီအစဉ်အောက်ရှိ အလွှာပေါင်းစုံ လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်အတွက် ၎င်းတို့၏အောင်မြင်သည့် Hisar O ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို အောက်တိုဘာ ၁၈ ရက်တွင် Aksaray လေ့ကျင့်ရေးကွင်းတွင် ပြုလုပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဤစမ်းသပ်ပစ်ခတ်မှုသည် Aselsan နှင့် Roketsan ကုမ္ပဏီတို့ ဦးဆောင်သောအလွှာလိုက် ပြည်တွင်းလေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အရှိန်မြှင့်တင်ပေးလိုက်ခြင်းဖြစ်ပြီး ဒေသတွင်းဟန့်တားနိုင်စွမ်းနှင့် NATO စစ်ဆင်ရေး ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် သက်ရောက်မှုများ ရှိလာစေသည်။

၂၀၀၇ ခုနှစ်တွင် စတင်ခဲ့သည့် Hisar ဒုံးကျည်စီးရီးသည် Roketsan ကုမ္ပဏီ၏ ဒုံးကျည် ဖွံ့ဖြိုးတိုးတက်မှုကို Aselsan ၏ အာရုံခံ ကိရိယာများ၊ အီလက်ထရွန်နစ်ဗိသုကာပုံစံတို့နှင့် ပေါင်းစပ်ထားသည်။ ၎င်းတွင် တာတိုအတွက် Hisar A၊ တာလတ်အတွက် Hisar O နှင့် တာဝေးအတွက် Siper ဒုံးကျည်တို့ ပါဝင်သည်။ ဤတည်ဆောက်မှုသည် အချို့သော NATO မဟာမိတ်များနှင့် အငြင်းပွားမှုများ၊ တူကီယဲကို F-35 အစီအစဉ်မှဖယ်ရှားခြင်း အကြောင်းရင်းတစ်ခုဖြစ်ခဲ့သော ရုရှား၏ S-400 ကို ဝယ်ယူခဲ့သည့် ဖြစ်စဉ်များကြောင့်အားကောင်းလာသည့် မဟာဗျူဟာမြောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တွန်းအားတစ်ခုကို ထင်ဟပ်စေသည်။

Hisar-O ဒုံးကျည်သည် Mercedes-Benz Zetros ယာဉ်ပေါ်တွင် တပ်ဆင်ထားသော မြေပြင်မှဝေဟင်ပစ် ဒုံးကျည်(SAM) ဖြစ်ပြီး ဒေါင်လိုက်ပစ်လွှတ်ခြင်းဖြင့် ၃၆၀ ဒီဂရီ လွှမ်းခြုံကာကွယ်မှုပေးသည်။ အနီအောက်ရောင်ခြည်ပုံရိပ်ဖော် ဦးတည်ရှာဖွေစနစ်ပုံစံသည် ၂၅ ကီလိုမီတာအထက် ပစ်မှတ်များကို ထိတွေ့တိုက်ခိုက်နိုင်ပြီး အနိမ့်ဆုံးအကွာအဝေး သုံးကီလိုမီတာနှင့် ကြားဖြတ်ဟန့်တားနိုင်သည့် အမြင့်ဆုံး အမြင့် ၁၅ ကီလိုမီတာခန့်ရှိသည်။ ရေဒီယိုကြိမ်နှုန်း ဦးတည်ရှာဖွေစနစ်ပုံစံသည် ကာကွယ်နိုင်သည့် အကွာအဝေးကို ကီလိုမီတာ ၄၀ အထက်သို့ တိုးချဲ့ပေးသည်။ အဆင့်နှစ်ဆင့်သုံး အစိုင်အခဲ တွန်းကန်အားစနစ်သည် လျင်မြန်သော ပစ်မှတ်များကိုတိုက်ခိုက်ရန် လိုအပ်သည့် ပစ်မှတ်ထိတွေ့မှုစွမ်းအင်ကို ထိန်းသိမ်းပေးသည်။ ဤဒုံးကျည်အုပ်စုသည် ၄၀ မှ ၆၀ ကီလိုမီတာကြား တိုက်လေယာဉ်များကို ထောက်လှမ်းခြင်းနှင့် ခြေရာခံနိုင်ခြင်းစွမ်းရည်များပါရှိပြီး တစ်ပြိုင်နက်တည်း ပစ်မှတ် ၆၀ ကျော်ကို ခြေရာခံနိုင်စွမ်းရှိသည်။

ဤစနစ်၏ ပိုမိုတန်ဖိုးရှိသော အချက်မှာ ရွေ့လျားနိုင်မှု ဒေါင်လိုက်ပစ်လွှတ်မှုနှင့် ပစ်မှတ်များစွာကို စီမံခန့်ခွဲနိုင်မှုတို့ ပေါင်းစပ်ထားခြင်းပင်ဖြစ်သည်။ ခြောက်ဘီးတပ်ပစ်လွှတ်ယာဉ်များဖြင့် ဖြန့်ကြက်နိုင်ခြင်း၊ လျင်မြန်စွာပစ်ခတ်နိုင်ခြင်း၊ လျင်မြန်စွာ ပြန်လည်ဖွဲ့စည်းနိုင်ခြင်းနှင့် ပိုလျှံနေသော အာရုံခံကိရိယာများ၏ အကာအကွယ်အောက်တွင် ပြန်လည်ဖြည့်တင်းနိုင်စွမ်းရှိသည်။ ဇရိယာကာကွယ်ရေးအတွက် Hisar O သည် လေယာဉ်ကွင်းများ၊ အရေးပါသော အခြေခံအဆောက်အအုံများနှင့် စစ်ရေးလှုပ်ရှားမှု တပ်ဖွဲ့များကို ကာကွယ်ပေးနိုင်သည်။ အလွှာလိုက်ဖွဲ့စည်းပုံအရ ၎င်းသည် တာတိုစနစ်များနှင့် တာဝေးစနစ်ပိုင်ဆိုင်မှုများကြား ချိတ်ဆက်ပေးကာ တိုက်လေယာဉ်များ၊ အနိမ့်ပျံ ခရုဇ်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ် တိုက်ခိုက်ရေးလက်နက်များနှင့် ဒရုန်းများအပါအဝင် အမျိုးမျိုးသော ပစ်မှတ်များကို တိုက်ခိုက်ဖြေရှင်းပေးနိုင်သည်။ IIR နှင့် RF ဦးတည်ရှာဖွေစနစ် နှစ်မျိုးလုံးကို အသုံးပြုခြင်းသည် လမ်းညွှန်မှုနည်းလမ်းများကို ကွဲပြားစေပြီး ရန်သူ၏တန်ပြန်ဆောင်ရွက်ချက်များကို ရှုပ်ထွေးစေကြောင်း သိရသည်။

ဤစမ်းသပ်ပစ်ခတ်မှုသည် အင်ဂျင်နီယာအဖွဲ့များ၏ တိုက်ရိုက်အကူအညီမပါဘဲ စစ်သည်များ၏ ကျွမ်းကျင်မှုကို သက်သေပြခြင်းနှင့် ဒုံးကျည်များစွာကို အသင့်အနေအထားဖြင့် ထိန်းသိမ်းထားနိုင်စွမ်းကို အတည်ပြုခြင်းဖြစ်သည်။ Steel Dome နှင့် Hisar ဒုံးကျည်စီးရီးကို တစ်ပြိုင်နက် အရှိန်မြှင့်တင်ခြင်းသည် ဒေသတွင်းဟန်ချက်ကို ပြောင်းလဲစေမည့် လေကြောင်းရန်ကာကွယ်ရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့် လမ်းကြောင်းကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ဒရုန်းနှင့် ခရုဇ်ဒုံးကျည် ခြိမ်းခြောက်မှုများ ပုံမှန်ဖြစ်လာနေသော ပင်လယ်နက်၊ အေးဂျီးယန်းနှင့် Levant ဒေသတစ်ဝိုက်တွင် တူကီယဲအတွက် ဟန့်တားနိုင်စွမ်းကို ပိုမိုအားကောင်းစေကြောင်း သိရသည်။



**Hisar-O Defense System Firing Shows Longer Range and Dual Seeker Agility in Türkiye's Steel Dome ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၉၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၉၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် နေကြာ ဧက ၁၈၁၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုကကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများ၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဝမ်းတွင်းမြို့နယ် ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ဝမ်းတွင်း အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ထန်းပင်ကုန်းကျေးရွာအုပ်စု ကင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကင်းရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ဦးကို ငွေကျပ် ၃၅ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၄ဦး ကို ငွေကျပ် ၂၅ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၂ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၃၀၆၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က သခွားစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၃၀၆၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝါးခယ်မမြို့နယ်တွင် စားဖိုဆောင်းသီးနှံ ၃၀၆၄ ဧကကို ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်းသီးနှံများအပါအဝင် ဆောင်းသီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်းသီးနှံဧက ၃၀၀၀ ကျော်ထိ စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးတဲ့သီးနှံတွေအောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စားဖိုဆောင်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် စားဖိုဆောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် နောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၈**

စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် အလုပ်အကိုင်ရရှိရေးအတွက် ဖြစ်ကြောင်း၊ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်သူများဆိုသည်မှာ တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့ကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများဖြစ်ပါကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကွပ်ကဲမှုအောက်ရှိ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ယခုကော်မတီဖွဲ့စည်းပြီး နောက်ပိုင်းတွင်လည်း ပေါင်းစပ်ပြီးဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန်ရှစ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ ငါးခုကို ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ကော်မတီ၏ လုပ်ငန်းတာဝန်ပါအချက်များနှင့်အညီ စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်နေရာချထားမှုခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှုလက်မှုအတတ်ပညာများကို အဆင့်မီစွာတတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရေး၊ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများကို အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းမှ အသိအမှတ်ပြုလက်မှတ်(Certificate of Recognition) ထုတ်ပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များကို အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းများက အသိအမှတ်ပြု၍ အလုပ်နေရာ ခန့်ထားဆောင်ရွက်ပေးရေး၊ ပြန်လည်နေရာချထားမှု ခံယူလိုသော အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို အလုပ်သမားဝန်ကြီးဌာနက ပြည်တွင်းအလုပ်သမားကတ်(Labour Card) ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်သမားကတ်(OWIC-Overseas Worker Identification Card) ထုတ်ပေးခြင်း၊ Agency များနှင့်ဆက်သွယ်၍ အလုပ်အကိုင် ရှာဖွေပေးခြင်းများကို အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတာဝန်မထမ်းဆောင်မီ ၎င်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများထုတ်လုပ်သည့်စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများထုတ်လုပ်သည့်စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများထုတ်လုပ်သည့် စက်ရုံသို့သွားရောက်၍ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ကန်များ တည်ဆောက်ထားရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ RON အရည်အသွေးနိမ့်သောစက်သုံးဆီများကို RON 92, RON 95 နှင့် RON 98 များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးကို Digital Control စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး စက်သုံးဆီများကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနေမှု၊ စက်ရုံသို့ ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောဖြန့်ဖြူးခြင်းများအတွက် ပိုက်လိုင်းသွယ်တန်း၍ Control Station က စောင့်ကြည့်ထိန်းချုပ်နေမှု အခြေအနေများကို လေ့လာကြည့်ရှုသည်။

ကြည့်ရှုလေ့လာစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်ရုံတွင် လက်ရှိအသုံးပြုလျက်ရှိသော Control System အား Digital စနစ်သို့ ပြောင်းလဲအသုံးပြုလိုသည့် အခြေအနေ၊ စက်ရုံရှိ Laboratory အား အဆင့်မြှင့်တင်လိုမှု၊ မိမိတို့ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်ရုံသို့ စေလွှတ်၍ စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ယူလိုမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနကထုတ်လုပ်သည့် RON 68 များအား အဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးနိုင်ရန် အဆင်သင့်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

မကြာမီကာလအတွင်း ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်အဖွဲ့ တစ်ဖွဲ့ကို မြန်မာနိုင်ငံရှိ ရေနံချက်စက်ရုံသို့စေလွှတ်၍ ဖြစ်နိုင်ခြေဆန်းစစ်မှုများ လေ့လာဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသို့သွားရောက်၍ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သော ကျောက်မီးသွေး၏ အရည်အသွေးနှင့်ပြည့်မီစွာ စဉ်ဆက်မပြတ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Clean Coal Technology (CCT)ကဲ့သို့သော အဆင့်မြင့်နည်းပညာများ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျောက်မီးသွေးထွက်ရှိသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုပါက ပြည်သူများအနေဖြင့် ချိုသာသောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်မည်ဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဆိုင်ရာကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန်ဖိတ်ခေါ်ပြီး အဆင့်မြင့်နည်းပညာများကို စနစ်တကျလွှဲပြောင်းရရှိရေး၊ Human Resourses (HR) မြင့်မားစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသည် ထိုက်ချန်းမြို့၏ မြို့ပြဒေသအတွင်း၌တည်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူဖြန့်ဖြူးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများသင်ကြားနေသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များ အတည်ပြုညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အတတ်ပညာများ သင်ကြားနေသည့် Grade 12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာ လုပ်ငန်းစဉ်များ အတည်ပြုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါတွင် ၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး Grade-10 တွင် ကျောင်းသား၊ ကျောင်းသူ ငါးထောင်ကျော်၊ Grade -11 တွင် ကျောင်းသား၊ကျောင်းသူ ငါးထောင်ကျော်နှင့်Grade-12 တွင် ကျောင်းသား၊ကျောင်းသူ သုံးထောင်ကျော် တက်ရောက်လျက်ရှိကြောင်း။

Grade-9 ပြီးမြောက်ပါက ပညာဆက်လက်သင်ယူနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက်ရောက်လိုသည့် အခြေခံပညာဘာသာရပ်တွင် သက်မွေးပညာများဖြစ်သည့် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာ သင်ယူလေ့လာခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြေခံဘာသာရပ်များကို အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ နည်းပညာဘာသာရပ်များကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ၊ဆရာမများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဦးစီးဌာနများမှ ဆရာ၊ဆရာမများက အားဖြည့်သင်ကြားပေးလျက်ရှိကြောင်း။

Grade-10 နှင့် Grade-11 အတန်းများကို အခြေခံပညာကျောင်းများတွင် ရာနှုန်းပြည့် သင်ကြားပေးလျက်ရှိကြောင်း၊ Grade-12 တွင် မြန်မာစာ ၃၀ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာ ၁၀၀ ရာခိုင်နှုန်း၊ သင်္ချာ ၁၀၀ ရာခိုင်နှုန်း၊ ရူပဗေဒ ဖ၀ ရာခိုင်နှုန်း၊ ဓာတုဗေဒ ၄၀ ရာခိုင်နှုန်း သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများနည်းတူ အခန်းဆုံး တတ်မြောက်မှုစစ်ဆေးခြင်း နှစ်ကြိမ်၊ ပထမနှစ်ဝက်ပြီးဆုံးပါက တစ်ကြိမ်၊ နောက်ဆုံးနှစ်ဝက်ပြီးဆုံးပါက တစ်ကြိမ် စုစုပေါင်း လေးကြိမ် စစ်ဆေးခြင်းပုံစံဖြင့် ဆောင်ရွက်ကြောင်း၊ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး ရရှိလာသည့်ဆွေးနွေးချက်များကို ယခုအစည်းအဝေးတွင် အတည်ပြုဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများဆောင်ရွက်ထားရှိမှု၊ စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက မေးခွန်းပြုစုခြင်း၊ Boad of Examination ဖွဲ့စည်းခြင်းနှင့် စာမေးပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေများအပေါ် အပြန်အလှန်ဆွေးနွေးကြပြီး Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုမှတ်တမ်းတင်ကာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်စံပြကျေးရွာသို့သွားရောက်၍ စက်ချုပ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီး တစ်ပိုင်တစ်နိုင် စက်ချုပ်လုပ်ငန်းလုပ်ကိုင်နေကြသည့် သင်တန်းသူများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းအရင်းအနှီး ရရှိရေးတို့အတွက် ထောက်ပံ့ပေးလျက်ရှိသော စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တစ်ပိုင်တစ်နိုင်စက်ချုပ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော သင်တန်းသူ ငါးဦး၏ လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် တစ်ဦးလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သုံးသိန်းစီ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူစားရိပ်သာကို ကြည့်ရှုစစ်ဆေးပြီး ရက်ကန်းနှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း၊လက်ရက်ကန်း ခြောက်လသင်တန်းတက်ရောက်နေကြသော သင်တန်းသူများအတွက် ဆန်၊ ဆီ စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် လေ့ကျင့်ပျိုးထောင်ရေးစင်တာတွင် ကျောင်းအုပ်ဆရာမကြီး၊ နည်းပြဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံ အားပေးစကားပြောကြားကာ လက်ရက်ကန်း ခြောက်လသင်တန်း တက်ရောက်နေသည့် သင်တန်းသူများ၏ လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာသို့သွားရောက်၍ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း RBF ရန်ပုံငွေဖြင့် မွေးမြူရေးအစုအဖွဲ့ လေးဖွဲ့စုဖွဲ့ကာ ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၃မိုင် ဖဖာလုံအနက် နှစ်ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖို ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာသို့ သွားရောက်၍ မိတ္ထီလာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ငါးသင်းနှင့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း တစ်သင်းမှ အသင်းသားတောင်သူများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဒေါ်ကေသီကျော်၏ လယ်မြေ နှစ်ဧကတွင် TBL-195 ချည်မျှင်ရှည် ဝါမျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်မယ်သစ်လွင်အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၃**

ဆေးတက္ကသိုလ်များ၏ အလုပ်သင်ဆရာဝန် လေ့ကျင့်သင်ကြားရေးဆေးရုံကြီးများတွင် အောက်တိုဘာ ၁ ရက်မှ စတင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်နေသူ မောင်မယ်သစ်လွင် အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ Semi–virtual စနစ်ဖြင့် ကျင်းပသည်။

ကြိုဆိုပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အလုပ်သင်ဆရာဝန်သင်တန်းကာလသည် သင်ယူတတ်မြောက်ထားသောဆေးပညာရပ်ဆိုင်ရာအသိပညာများကို လက်တွေ့ကျကျအသုံးချပြီး လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် အချိန်ကာလဖြစ်ပါကြောင်း၊ ထို့ပြင် အလုပ်သင်ဆရာဝန်များ မဖြစ်မနေတတ်မြောက်ထားရမည့် လက်တွေ့ကျွမ်းကျင်မှု (Procedural Skills) များကို မိမိတို့ ဆရာ၊ ဆရာမများ၊ အတွေ့အကြုံရှိသော လုပ်ဖော်ကိုင်ဖက်များထံမှ စာတွေ့သာမက လက်တွေ့(Hands on Training)ပါ သေချာစွာ ဆည်းပူးလေ့လာနိုင်မည့်ကာလလည်းဖြစ်ပါကြောင်း။

အလုပ်သင်ဆရာဝန်ကာလပြီးဆုံးပါက ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် မိမိတို့၏ဆေးပညာ ပိုမိုတိုးတက်လာအောင် ဘွဲ့လွန်သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် (သစ်လွင်) ဆရာဝန်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိဘဲ တက်ရောက်နိုင်သော ဘွဲ့လွန်သင်တန်း ၁၁ မျိုးအပါအဝင် ဘွဲ့လွန်သင်တန်း ၁၄၄ မျိုးကို ဖွင့်လှစ်ထားပြီး ပြည်တွင်း ဘွဲ့လွန်သင်တန်းများသာမက ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းများကိုပါ တက်ရောက်ခွင့်ပြုထားပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီနာယကပါမောက္ခဒေါက်တာခင်မောင်အေးက ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြိုဆိုပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆေးကောင်စီမှ နာယကကြီးများ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၏ ဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ ကြိုဆိုပွဲသို့ အလုပ်သင်ဆရာဝန်များက Virtual စနစ်ဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၃၀၂ ဦး၊ ဆေးတက္ကသိုလ်(မန္တလေး)မှ အလုပ်သင်ဆရာဝန် ၂၈၁ ဦး၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ၃၃၄ ဦး၊ ဆေးတက္ကသိုလ် (မကွေး)မှ ၁၆၆ ဦး၊ ဆေးတက္ကသိုလ် (တောင်ကြီး)မှ ၁၀၄ ဦး တက်ရောက်ကြပြီး In person စနစ်ဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ၅၃ ဦး စုစုပေါင်းဦးရေ ၁၂၄၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စအန်နာဆာဂျီ ယဲဗ်နာ့ ဗင်နီကော့ဗာနှင့် အဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက အတူလိုက်ပါ၍ ရှင်းလင်းပြသကြသည်။

ဦးစွာ ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့က သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထို့နောက် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ အနုလက်ရာများ၊ မြင်းကပါကျေးရွာရှိ မြစေတီဘုရား၊ ရွှေစည်းခုံစေတီတော်ကြီး၊ ရာဇကုမာရ်ကျောက်စာ၊ မြင်းကပါ ဂူပြောက်ကြီးဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် နန်းမြင့်မျှော်စင်တို့ကို စိတ်ဝင်တစားသွားရောက်လေ့လာကြသည်။

ယင်းနောက် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းရှိ မြန်မာ့ရိုးရာ ယွန်းလက်မှုပစ္စည်းများကို



ယွန်းထည်လုပ်ငန်းနှင့် ယွန်းအရောင်းဆိုင်ကြည့်ရှုလေ့လာကြပြီး ထီးလိုမင်းလိုဘုရား၌ ပုဂံဒေသနေဝင်ဆည်းဆာအလှကိုကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်




**မြစ်ကြီးနား အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သား ဒေါင်းလွမ်း(အငြိမ်းစား)ကို အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သား ဒေါင်းလွမ်း(အငြိမ်းစား)ထံ ဂါရဝပြုပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက် ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ၁၄ ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ




**ရန်ကုန် အောက်တိုဘာ ၂၃**

၁၄ ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ PARKROYAL Hotel ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဇော်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှုခင်းစုံစမ်းစစ်ဆေးရေးရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာန၏ ညွှန်ကြားရေးမှူး Mr. Wang Yong Can ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ရေး၊ လူကုန်ကူးခံရသူများကို ကူညီကယ်တင်ရေးနှင့် အကာအကွယ်ပေးရေး၊ လူကုန်ကူးသူများကို ကူညီစုံစမ်းဖမ်းဆီးပေးရေးနှင့် အပြစ်ပေးအရေးယူရေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး စသည့် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုအခြေအနေများနှင့် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ခြင်း၊ လူကုန်ကူးခံရသူများကို ကယ်တင်ခြင်းနှင့် ကျူးလွန်သူတရားခံများကို ဖမ်းဆီးခြင်းကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား သတင်းအချက်အလက်ဖလှယ်နိုင်ရေးကိစ္စရပ်များ၊ တရားမဝင် ဝင်ထွက်သွားလာမှုများနှင့် နှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများ လျော့နည်းကျဆင်းစေရေးကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သီပေါမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံနေစဉ်။



သီပေါမြို့ရှိ အသက် ၁၅ နှစ်အောက် ကလေးများကို ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးစဉ်။



သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများက သီပေါမြို့ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးစဉ်။

**သီပေါမြို့မှအဆက်**

ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည် ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ သီပေါမြို့ရှိအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ် ကလေးများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၄၃၆ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၁၅၅ ဦးထိ ရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

အလားတူ သီပေါမြို့သို့ ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများကို တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဒေသခံတိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၄၂ဦးတို့ကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများက အဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ သီပေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး လုပ်ငန်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက် ကလေး ဦးရေ ၃၅၀ တို့ကို အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ သီတင်းသုံးတော်မူရန် စံကျောင်းတော်သစ်တည်ဆောက်နေမှုနှင့် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်ကြီးတည်ဆောက်ရေးစီမံကိန်းသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှု



**မန္တလေး အောက်တိုဘာ ၂၃**

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ သီတင်းသုံးတော်မူရန် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ အောင်ချမ်းသာကျေးရွာတွင် စံကျောင်းတော်သစ် တည်ဆောက်နေမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား အလှူရှင် ဦးဇော်ဇော် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် စံကျောင်းတော် ဆောက်လုပ်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ဦးဇော်ဇော်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တာဝန်ရှိသူများက စီမံကိန်းအတွင်း လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆိုင်ခန်းများ စနစ်တကျနေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ မြေယာရှုခင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လုပ်ငန်းများ ချောမွေ့စွာဖြင့် အမြန်ဆုံးပြီးစီးရန် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးတို့ကို ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ တည်ဆောက်ရေးစီမံကိန်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Ko Pyae" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခလုပ်ကျေးရွာနေ ကံသာအား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ခလောက်ချိုက်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၅၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၅၆၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အောက်တိုဘာ ၂၄ ရက်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**


ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် အောက်တိုဘာ ၂၄ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# Online လောင်းကစားလုပ်ကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သောဝိသမလောဘသားစီးပွားရေးလုပ်ငန်းရှင်များသည် Online အခြေပြုလောင်းကစား Website များ တည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ပေါ်ပေါ်ထင်ထင် ကြော်ငြာမှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲရပ်ကွက် အမှတ်(၁၈၈)ရှိ Secret Villa Private Resort ၌ Ibet 789 Online ဘောလုံးလောင်းကစား Website လုပ်ငန်း လုပ်ကိုင်နေသူများ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ Super Senior Agent ဖြစ်သူ ယဉ်မင်းလှိုင်နှင့် မာရီယာ(ခ)မီးလေး၊ Senior Agent ဖြစ်သူ ဝင်းပပအောင် တို့အပါအဝင် တရားခံ ၁၄ ဦးနှင့် လက်ကိုင်ဖုန်း ၂၃ လုံး၊ မော်တော်ယာဉ်သုံးစီးတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက် ရတနာလမ်း အမှတ်(၉၉)ရှိ The Lord စားသောက်ဆိုင်အနီး၌ Super Senior Agent ဖြစ်သူ ဖြိုးမင်းသူ(ခ)ရောင်နီအပါအဝင် တရားခံ သုံးဦးနှင့်အတူ လက်ကိုင်ဖုန်း ငါးလုံး၊ မော်တော်ယာဉ်သုံးစီးတို့ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။






မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ယဉ်မင်းလှိုင် အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကင်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဖြိုးမင်းသူ(ခ)ရောင်နီ အပါအဝင် သုံးဦး၏ မှတ်တမ်းဓာတ်ပုံ။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင် ငါးဦး၏မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) ခေမာလမ်း အမှတ်(၆၇၆)ရှိ နေအိမ်၌ Ibet 789 Online လောင်းကစားလုပ်ငန်းလုပ်ကိုင်ရန်စည်းရုံးသိမ်းသွင်းခဲ့သည့် Super Senior Agent ဖြစ်သူ ဇင်မင်းအောင်(ခ) ဇင်ကြီးအပါအဝင် တရားခံ သုံးဦးနှင့်အတူ လက်ကိုင်ဖုန်း ခုနစ်လုံး၊ လက်တော့ပ် တစ်လုံး၊ မော်တော်ယာဉ် တစ်စီးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် လမ်း ၄၀၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ Focus ဟိုတယ်၌ Super Senior Agent ဖြစ်သူ ပြည့်ဖြိုးအောင်(ခ)မင်းထက်၊ Agent ဖြစ်သူ မေမြတ်နိုးတို့နှင့်အတူ လက်ကိုင်ဖုန်း ငါးလုံး၊ လက်တော့ပ် တစ်လုံး၊ မော်တော်ယာဉ် တစ်စီးတို့ကိုလည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် Eleven Minimart ရှေ့၌ ခင်မောင်ဖြိုး(ခ)ဇော်ဝင်း အပါအဝင်တရားခံ ငါးဦးနှင့်အတူ လက်ကိုင်ဖုန်း ကိုးလုံး၊ Tablet နှစ်လုံးတို့ကိုလည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် Ibet 789 Online ဘောလုံးလောင်းကစား Website၊ 555 Mix ဘောလုံးလောင်းကစား Website၊ Moung 556 ဘောလုံးလောင်းကစား Website ၊ Batman 688 Slot လောင်းကစား Website၊ Shan 234 ဖဲလောင်းကစား Website နှင့် 2D/3D လောင်းကစား Website စသည့် လောင်းကစားလုပ်ငန်းတို့တွင် ကော်မရှင်စား Agent များအဖြစ် အလုပ်လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားရကြောင်း၊ Agent အဖြစ် လုပ်ကိုင်ခွင့်ရရှိပါက User များရရှိရန်အတွက် ၎င်းတို့၏ သက်ဆိုင်ရာလောင်းကစား Website များ၏ Facebook Group နှင့် Telegram Group တို့တွင် Viber ဖုန်းနံပါတ်များပါရှိသည့် သက်ဆိုင်ရာလောင်းကစား ကြော်ငြာပုံများကို ကြော်ငြာပေးရကြောင်း၊ ၎င်းနောက် User များက Viber သို့ဆက်သွယ်လာသည့်အချိန်တွင် Agent များက လောင်းကစား Website များတွင် ဝင်ရောက်ဆော့ကစားနိုင်ရန် အကောင့်ဖွင့်လှစ်ပေးကြောင်း၊ Agent လုပ်ကိုင်နေစဉ် User များပိုမိုရှာဖွေနိုင်ပါက Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း၊ Senior Agent လုပ်ကိုင်နေစဉ် ကော်မရှင်စား Agent များနှင့် User များပိုမိုရှာဖွေနိုင်ပါက Super Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း စိစစ်သိရှိရသည်။



ပြင်ဦးလွင်မြို့၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ဇင်မင်းအောင်(ခ)ဇင်ကြီး အပါအဝင် သုံးဦး၏မှတ်တမ်းဓာတ်ပုံ။



မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ် ဆောင်ရွက်နေသူ ပြည့်ဖြိုးအောင်(ခ)မင်းထက်နှင့် မေမြတ်နိုးတို့၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ Super Senior Agent များဖြစ်သူ ဇင်မင်းအောင်(ခ)ဇင်ကြီး၊ ဖြိုးမင်းသူ(ခ) ရောင်နီ၊ ပြည့်ဖြိုးအောင်(ခ)မင်းထက်၊ ယဉ်မင်းလှိုင်၊ မာရီယာနှင့် ခင်မောင်ဖြိုး (ခ)ဇော်ဝင်းတို့ ခြောက်ဦးက ချိတ်ဆက်ထားသည့် လောင်းကစား Website ရှိ Distributor Agent များထံမှ လောင်းကစားမှုပြုလုပ်နိုင်သည့် ယူနစ်များကို ဝယ်ယူပြီး Senior Agent များဖြစ်သူ ဝင်းပပအောင်နှင့် သက်ဖြိုးနိုင်တို့ နှစ်ဦးအပါအဝင် Senior Agent များကို ညှိနှိုင်းဈေးနှုန်းဖြင့် ပြန်လည်ရောင်းချကြောင်း၊ ထို့နောက် Senior Agent များက Master Agent များ၊ Agent များဖြစ်သူ သူရအောင်၊ သိန်းထိုက်အေး၊ မေမြတ်နိုး၊ အောင်မင်းခန့်၊ သိန်းထိုက်စံ၊ ကောင်းမြတ်သူ၊

စာမျက်နှာ ၂၂ ကော်လံ ၄ သို့

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အောင်မြေစံကျောင်းတိုက်အတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

☆ **ကျောဖုံးမှအဆက်**

နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ စက်ဘီးကွင်း၌ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---




ပြစ်မှုကျူးလွန်သူ ပေါင်ရှန်းဟောက်(ခ)ကိုချင်း၊ ကျော်ဌေး၊ လီလေးနှင့် စိုးမြင့်(ခ)ကုလားလေးတို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

❑ **ဖမ်းဆီးရမိမှ**

ပူးပေါင်းပါဝင်သူ ထူးအောင်ကျော်အား စစ်ကိုင်းမြို့နယ် ညောင်ပင်စင်ကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့မှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူမှာ မန်တုံမြို့နယ်နေ ယောရှု (ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း။

အလားတူ မူးယစ်ဆေးဝါးများကို မိုင်းရယ်မြို့ဘက်မှ သယ်ဆောင်လာကြောင်း သတင်းကွင်းဆက်အရ ဆက်လက်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တောင်ဖီလာရပ်ကွက်တွင် ကျော်ဌေး မောင်းနှင်လာသည့် FORLAND အမျိုးအစား မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ ဘိန်းဖြူများကိုဝယ်ယူသူ ပေါင်ရှန်းဟောက်(ခ)ကိုချင်းအား ယင်းနေ့ ညနေ ၅ နာရီတွင် ကလေးမြို့ စက်မှုဇုန်သွားလမ်းတွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူများကို မိုင်းရယ်မြို့မှ ကလေးမြို့နယ်သို့ တာဝန်ခံသယ်ဆောင်ခဲ့သူများဖြစ်သည့် လီလေးအား ယင်းနေ့ ည ၆ နာရီတွင် ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ ဟိုတယ်တစ်ခုတွင်လည်းကောင်း၊ စိုးမြင့်(ခ)ကုလားလေးအား အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၇)တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁၃ ဒသမ ဝ၄ ဘီလီယံ)နှင့် ဘိန်းဖြူ ၂၉ ဒသမ ၂၃ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆၁၅ ဘီလီယံ) စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၀၁၅ ဘီလီယံ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၅၀၁)**

---

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံ ၁၄ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၁၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ – မယ်ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံ ၁၄ နိုင်ငံမှ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၁၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၆၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၃၃၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

**စာမျက်နှာ ၂၁ မှအဆက်**

ထက်ထက်နိုင်၊ ချမ်းမို့မို့ဖြိုး၊ ရတနာတိုးဝေနှင့် သဉ္ဇာငြိမ်းတို့ ၁၀ ဦးအပါအဝင် Agent များနှင့် လောင်းကစားမှုပြုလုပ်သည့် User များထံသို့ အဆင့်ဆင့်ငွေကြေးအမြတ်ယူ၍ ပြန်လည်ရောင်းချကြောင်း၊ ငွေလွှဲ၊ ငွေထုတ်ပြုလုပ်ခြင်းများကို မိုးဟိဏ်းထွန်း၊ ဇော်ထိုက်အောင်၊ ဟိန်းဇော်ဦး၊ စုပုံချစ်နှင့် မေသဇင်ထွန်း၊ အေးချမ်းအောင်၊ လျှံဖုန်းပိုင်၊ ဟိန်းသီဟ (ခ)ဂျိုကာနှင့် ငြိမ်းချမ်းမင်းတို့ ကိုးဦးအပါအဝင် ငွေလွှဲ၊ ငွေထုတ်ပြုလုပ်သူများမှ KBZ Special Account၊ KBZ Bank Account၊ AYA Bank Account၊ YOMA Bank Account၊ CB Bank Account၊ UAB Bank Account၊ A Bank Account၊ AYA Pay Account၊ Kpay Account နှင့် Wave-pay Account များ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသည်။

ဖြစ်စဉ်တွင် Online လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ တရားခံအမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၇ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ လက်ကိုင်ဖုန်း ၄၉ လုံး၊ လက်တော့ပ်နှစ်လုံး၊ Tablet နှစ်လုံး၊ မော်တော်ယာဉ်ရှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ထိရောက်စွာ အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ Online လောင်းကစား လုပ်ငန်းပြုလုပ်နေသူများကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာသတင်းပေးပို့ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**

# နော်ဝေနိုင်ငံတွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် အမေရိကန်ဒေါ်လာနှစ်ထရီလီယံ မတည်သွားမည်



**အော့စ်လို အောက်တိုဘာ ၂၃**

နော်ဝေနိုင်ငံတွင် ရာသီဥတု ဖောက်ပြန်မှု ထိန်းချုပ်ရေးစီမံချက် အရ ကာဗွန်ထုတ်လွှတ်မှုလျှော့ချ ရေးကို အကောင်အထည်ဖော် သွားမည်ဖြစ်ပြီး ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၂ ထရီလီယံ မတည်သွားမည် ဖြစ်ကြောင်း နော်ဝေ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ပဲရစ်ညီလာခံ သဘောတူညီ ချက်အရ ၂၀၅၀ ပြည့်နှစ်အရောက် တွင် ကာဗွန်ထုတ်လွှတ်မှု သုည မှတ်ရောက်ရှိအောင် အရှိန်မြှင့် တင်ဆောင်ရွက် သွားမည်ဖြစ်ပြီး နော်ဝေအစိုးရကလည်း ဘတ်ဂျက် ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

"နော်ဝေနိုင်ငံအနေနဲ့ ကာဗွန် ထုတ်လွှတ်မှု လျှော့ချရေးအတွက် ဆောင်ရွက်နေပါတယ်။ ပဲရစ် ညီလာခံ သဘောတူညီချက်အရ ၂၀၅၀ ပြည့်နှစ်အရောက်မှာ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် အရှိန်မြှင့် တင်ဆောင်ရွက်သွားမည့် ကိစ္စကို ထောက်ခံကြိုဆိုပါတယ်။ နော်ဝေ အနာဂတ်အတွက် ကောင်းတဲ့ လှုပ်ရှားမှုတစ်ရပ်လဲ ဖြစ်ပါတယ်။ လိုအပ်လာရင် နည်းပညာပိုင်း ဆိုင်ရာ အကူအညီပေးသွားဖို့ အဆင်သင့်ပါပဲ" ဟု Centre for Corporate Responsibility အဖွဲ့ မှ ပြောရေးဆိုခွင့်ရှိသူ ဘရိုင်အို ဘရီယန်က ပြောကြားသွားခဲ့ ကြောင်း သိရသည်။

လာမည့် ၂၀၅၀ ပြည့်နှစ် အရောက်တွင် ကာဗွန်ထုတ်လွှတ် မှု သုညမှတ်သို့ ရောက်ရှိရေး အတွက် ဘတ်ဂျက်တိုးမြှင့်သွား မည့် အဆိုပြုချက်ကို အောက်တို ဘာ ၂၂ ရက်တွင် နော်ဝေအစိုးရ က တရားဝင်ခွင့်ပြုခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# နယူးဇီလန်နိုင်ငံတွင် လေတိုက်နှုန်းမြင့်မားခြင်း၊ အပူချိန်မြင့်တက်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားနေ

**ဝယ်လင်တန် အောက်တိုဘာ ၂၃**

နယူးဇီလန်နိုင်ငံတွင် အောက် တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၂ ရက်အတွင်း လေတိုက်နှုန်း မြင့်မားခြင်း၊ အပူချိန်မြင့်တက် ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားနေကြောင်း Meteoro- logical Agency က ထုတ်ပြန်သွား ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ပမာဏမှာ ၄၀ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီ ၁၀၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ် ခဲ့ပြီး လေတိုက်နှုန်းကြောင့် သစ်ပင်ကြီးတချို့ လဲကျကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ပြီး အခြေခံအဆောက်အအုံ တချို့ လည်း ပျက်စီးခဲ့ကြောင်း Meteo- rological Agency က ထုတ်ပြန် သွားခဲ့သည်။

"လေတိုက်နှုန်းမြင့်မားခဲ့သလို အပူချိန်လဲ မြင့်မားနေပါတယ်။ လေတိုက်နှုန်း မြင့်မားတဲ့အတွက် သစ်ပင်ကြီးတချို့ လဲကျခဲ့သလို အခြေခံ အဆောက်အအုံတချို့ ပျက်စီးခဲ့ပြီး လမ်းပိတ်ဆို့မှုတွေ လဲဖြစ်ပေါ်နေပါတယ်။ ဒါ့ပြင် အပူချိန်မြင့်မားမှုကြောင့် ကိုင်ကူ ရာဒေသအနီးမှာ တောမီးလောင် ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးကူးစက် လောင်ကျွမ်းမှု ကြောင့် အဆောက်အအုံ ၁၄ လုံး ပျက်စီးခဲ့ပါတယ်။ ဒီအဆောက် အအုံ ၁၄ လုံးမှာ ငါးလုံးက လူနေ အိမ်ခြေတွေဖြစ်ပါတယ်" ဟု Me- teorological Agency မှ တာဝန်ရှိ သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Meteorological Agency ၏ ထုတ်ပြန်ချက်အရ လေတိုက်နှုန်း သည် တစ်နာရီ ၁၅၀ ကီလိုမီတာ ထိ မြင့်တက်သွားနိုင်သည့်အတွက် လေတိုက်နှုန်း မြင့်မားမှုနှင့် ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုလည်း သတိပေး ချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဘရာဇီးနိုင်ငံတွင် ကော်ဖီစိုက်ပျိုးရန် ခုတ်ထွင်ရှင်းလင်းမှုကြောင့် သစ်တောဧရိယာ ၇၃၇၀၀၀ ဟက်တာခန့် ပျက်စီးဆုံးရှုံးခဲ့

**ဘရာဇီးလီးယား အောက်တိုဘာ ၂၃**

ဘရာဇီးနိုင်ငံတွင် ကော်ဖီ စိုက်ပျိုးရန်သစ်တောများကို ခုတ် ထွင်ရှင်းလင်းမှုကြောင့် ၂၀၀၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း သစ်တောဧရိယာ ၇၃၇၀၀၀ ဟက် တာခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း Coffee Watch အဖွဲ့က ထုတ်ပြန် သည့် နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားကြောင်းယနေ့သတင်း များအရ သိရသည်။



အဆိုပါ အစီရင်ခံစာအရ ဘရာဇီးနိုင်ငံသည် ကမ္ဘာ့အကြီး ဆုံး ကော်ဖီထုတ်လုပ်ပေးသည့် နိုင်ငံဖြစ်ပြီး နှစ်စဉ် ကော်ဖီအိတ် သန်း ၆၀ ခန့် ထုတ်လုပ်ရောင်းချ လျက်ရှိကြောင်း၊ ကော်ဖီစိုက်ပျိုးမှု တိုးချဲ့လာခြင်းကြောင့် သစ်တော များကို တဖြည်းဖြည်း ခုတ်ထွင် သုံးစွဲလာသဖြင့် သဘာဝသစ်တော ဧရိယာများ ပျက်စီးဆုံးရှုံးလာခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီသစ်တော ပြုန်းတီးမှုဟာ ကာဗွန်ထုတ်လွှတ်မှုကို ပိုမိုမြင့် တက်စေပြီး ဇီဝမျိုးစုံမျိုးကွဲတွေ အတွက် နေထိုင်ရာနဲ့ အစာရှားပါး မှုတွေကို ဖြစ်စေနိုင်ပါတယ်။ ဒါ့ပြင် ခြောက်နှစ်တာကာလ အတွင်း ကော်ဖီစိုက်ပျိုး မြေဧရိ ယာတွေရဲ့ မြေအစိုဓာတ်ဟာ ၂၅ ရာခိုင်နှုန်းထိ လျော့ကျလာ တာကိုလဲ တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေး နည်းလမ်းတွေကို ကော်ဖီစိုက် တောင်သူတွေအနေနဲ့ လက်ခံအသုံးပြုဖို့ လိုအပ်လာပါ တယ်" ဟု Coffee Watch အဖွဲ့ ဒါရိုက်တာ အက်တယ် ဟီဂွန်နက် က ပြောကြားခဲ့သည်။

ထို့ကြောင့် ဘရာဇီးအာဏာ ပိုင်များက သစ်တောပြုန်းတီးမှု တားဆီးရေးအတွက် ဥပဒေသစ် များရေးဆွဲနေကြပြီး ကော်ဖီစိုက် ပျိုးသူများကလည်း စိုက်ပျိုးမှု နည်းလမ်းအသစ်များ သုံးစွဲရေး လေ့ကျင့်မှု အစီအစဉ်များကို စတင်လုပ်ဆောင် နေကြကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကွင်းစလန်းပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းကာ စံချိန်တင်အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထား

**ကင်ဘာရာ အောက်တိုဘာ ၂၃**

ဩစတြေးလျနိုင်ငံ ကွင်းစ လန်းပြည်နယ် အနောက်ဘက်ပိုင်း တွင် အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန် စံချိန်တင်မြင့်တက်မှု ကြောင့် တောမီးအန္တရာယ် သတိ ပေးချက် ထုတ်ပြန်ထားကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်သည် ၄၁ ဒီဂရီစင်တီ ဂရိတ်မှ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ချာလီဗီးလ်ဒေသ နှင့် စိန့်ဂျော့ဒေသတွင် တောမီး အန္တရာယ် သတိပေးချက်ထုတ်ပြန် ထားကြောင်း၊ ဘော်ကီဒေသတွင် အပူချိန်ပမာဏမှာ ၄၄ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်နေပြီး ဘတ်စဗီးဒေသတွင် အပူချိန် ပမာဏ ၄၆ ဒီဂရီစင်တီဂရိတ် ထိမြင့်တက်နေသဖြင့် ၎င်းပမာဏ မှာ စံချိန်တင်အပူချိန်မြင့်တက်မှု တစ်ရပ်ဖြစ်ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေး ဦးစီး ဌာန (BoM) က ထုတ်ပြန်သွားခဲ့ သည်ဟု သိရသည်။

"ကွင်းစလန်း ပြည်နယ် တစ်ပြည်နယ်လုံး အတိုင်းအတာနဲ့ အပူချိန် မြင့်တက်နေပါတယ်။ အမြင့်ဆုံးအပူချိန်ပမာဏမှာ ၄၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေ ပါတယ်။ မြင့်တက်နေတဲ့အပူချိန် ပမာဏဟာ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံး အောက်တို ဘာလလဲဖြစ်ပါတယ်။ အပူလှိုင်း ဟာလဲ ပြီးခဲ့တဲ့နွေရာသီကာလ အတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ အခြေ အနေအတိုင်းဖြစ်ပါတယ်" ဟု ဩစတြေးလျ မိုးလေဝသညွှန် ကြားရေးဦးစီးဌာန (BoM) မှ ပြောရေးဆိုခွင့်ရှိသူ ဟိုင်နက်စ်က ပြောကြားသွားခဲ့သည်။

အပူချိန် မြင့်တက်နေသလို လေတိုက်နှုန်းလည်း မြင့်မားနေ သည့်အတွက် တောမီးလောင် ကျွမ်းမှုဖြစ်ပေါ်ပါက အရေးပေါ် အဆင့်သို့ အချိန်တိုအတွင်း ရောက်ရှိ သွားနိုင်သည့်အတွက် ကြောင့် မီးမပေါ်ဆေးရေးအတွက် ကွင်းစလန်းပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဆောင်းရာသီအအေးဒဏ်ခံနိုင်ရေးအတွက် အပူပေးစနစ်များပြင်ဆင်ပြီး အဆင့်မြှင့်တင်ထား

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လာမည့် ဆောင်းရာသီအအေး ဒဏ်ခံနိုင်စေရန်အတွက် အပူ ပေးစနစ်များပြင်ဆင်ပြီး အဆင့် မြှင့်တင်ထားကြောင်း မြို့တော် စီမံခန့်ခွဲရေးကော်မရှင်မှ တာဝန် ရှိသူများက ယနေ့တွင် ပြောကြား ခဲ့သည်။

လက်ရှိတွင် တရုတ်နိုင်ငံ၏ မြို့အတော်များများတွင် ရာသီဥတု အပြောင်းအလဲ မြန်ဆန်လာခြင်း ကြောင့်ဆောင်းရာသီအအေးဓာတ် ပြင်းထန်လာကြောင်း၊ ထို့ကြောင့် အာဏာပိုင်များက အပူပေးစနစ် များကို ပြင်ဆင်ပြီး စက်ပစ္စည်း များ၏ ထိန်းသိမ်းမှု၊ လောင်စာ သိုလှောင်မှုနှင့် ဝန်ထမ်းလေ့ကျင့် ရေးများလည်း ပြုလုပ်ထား ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အပူပေးစနစ် ကာလကို ယခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ မတ်လ ၁၅ ရက်ထိ သတ် မှတ်ထားပြီး အပူပေးစနစ်များကို စနစ်တကျစစ်ဆေးကာ ပြည်သူ များအတွက် အပူဖြန့်ဝေရေးကို တိကျမှန်ကန်စွာ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အာဏာပိုင်များ က ပြောကြားခဲ့သည်။

ထို့ပြင် ပေကျင်းမြို့အစိုးရ အဖွဲ့သည် အပူပေးစနစ်သုံးစွဲမှု အတွက် စွမ်းအင်သုံးစွဲမှုလျှော့ချ နိုင်ရန် လောင်စာထုတ်လုပ်မှု နည်းပညာသစ်များ အသုံးပြုမည် ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးနှင့် စွမ်းအင်ထိန်းသိမ်းရေးကို ပိုမို တိုးတက်အောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ဝတ္ထုတိုကဏ္ဍ

# တိမ်မည်းညို၏ အဖြူရောင်အနားသတ်

မနှင်းဖွေး



(၁)

ကျွန်တော့်ဘဝတွင် အမေသည် အလေးထားရဆုံး၊ အရေးအပါဆုံး၊ အချစ်ရဆုံး လူသားတစ်ဦးဖြစ်သည်ဟုဆိုချင်သည်။ ပြီးတော့ အမေ့ကို သနားစရာအကောင်းဆုံး မိန်းမသားတစ်ဦးဟုလည်း ကျွန်တော့်စိတ်ထဲမှတ်ယူထားမိသည်။

အမေ့ကို ချစ်ရသည်နှင့်အမျှ အမေ့အပေါ် ရက်စက်သော အဖေ့ကိုတော့ ကျွန်တော်မုန်းသည်ဟု မပြောလိုသော်လည်း နာကြည်းမိသည်ကတော့ အသေအချာဖြစ်သည်။ အမှန်တကယ် ကျွန်တော်မုန်းမိသူမှာ အဖေ့၏အစ်မ ကြီးကြီးလှပဲဖြစ်သည်။ ကျွန်တော်တို့ လူလားမြောက်ပြီး သိတတ်သည့်အရွယ်ရောက်မှ ကြားသိလာရသော ဇာတ်လမ်းအရကတော့ အဖေနှင့် အမေကိုအောင်သွယ်ပေးသူမှာ ကြီးကြီးလှကိုယ်တိုင်ဖြစ်ပါသတဲ့။

အဖေ ကိုးတန်းအောင်သောနှစ်မှာ အဖေ၏မိဘနှစ်ပါးစလုံး နှလုံးရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားခဲ့သည်။ အဖေ့ထက် အသက် ခုနစ်နှစ်ကြီးသော ကြီးကြီးလှက အိမ်ပွဲစား၊ မြေပွဲစားလုပ်ရင်း အဖေ့ကို ဘွဲ့ရသည်ထိ ပညာသင်ပေးခဲ့သည်။ အိမ်ခြံမြေအကျိုးဆောင်ရင်း သိကျွမ်းခင်မင်လာသော မင်းစိုးရာဇာကတော်များကိုချဉ်းကပ်၍ အဖေ့အတွက် အလုပ်အကိုင်ကောင်းတစ်ခုကိုလည်း ရအောင် ကြံဆောင်ပေးနိုင်ခဲ့သည်။ ဘွဲ့ရအလုပ်လက်မဲ့တွေ တန်းစီနေသော ခက်ခဲသည့်ခေတ်ကာလကြီးထဲတွင် ကြီးကြီးလှ၏အစွမ်းကြောင့် အဖေ အရာရှိငယ်တစ်ဦး ဖြစ်လာခဲ့သည်။

ဖောင်ကြီးသင်တန်းဆင်းပြီး နယ်မြို့တစ်မြို့ကို ပြောင်းဖို့ အမိန့်ကျလာသောအခါ ကြီးကြီးလှသည် သူတစ်သက်လုံး ရင်အုပ်မကွာ စောင့်ရှောက်လာခဲ့သော သူ့မောင်ငယ်ကို စိတ်မချနိုင်ဖြစ်လာသည်။ သူ့ကိုယ်စား သူ့မောင်ငယ်ကိုပြုစုလုပ်ကျွေးဖို့အတွက် မိန်းကလေးပီသပြီး လိမ္မာယဉ်ကျေးသည့် အမေ့ကို ကြီးကြီးလှ မျက်စိကျလေသည်။

အမေက ရိုးသားသည်၊ အေးဆေးသည်၊ နူးညံ့သိမ်မွေ့သည်။ ပညာပါရမီနည်းသဖြင့် ၁၀ တန်းကို နှစ်နှစ်ဖြေသော်လည်း မအောင်နိုင်ဘဲ အိမ်ဆိုင်လေး ထွက်ရကောင်းနိုးနိုး၊ အချုပ်အလုပ် သင်တန်းတက်ရကောင်းနိုးနိုး၊ မြစ်ဝကျွန်းပေါ်ရှိ ရွာကျောင်းလေးသွားပြီး ဆွဲခန့်ဆရာမအလုပ်ပဲ လုပ်ရကောင်းနိုးနိုးနှင့် သူ့ရှေ့ရေးမရေရာဖြစ်နေစဉ် ဇာတ်ဆရာ ကြီးကြီးလှစီစဉ်သောဇာတ်မှာ ပါဝင်ကပြလာရသူဖြစ်သည်။

"ကျွန်မ မောင်လေးက လူတော်လူကောင်းလေးပါ ဒေါ်ဒေါ်ခင်ရယ်။ အသောက်အစားလဲမရှိပါဘူး။ ဘွဲ့ရပညာတတ် အရာရှိတစ်ယောက်ဆိုတာလဲ ဒေါ်ဒေါ်လဲ သိပြီးသား။ အခုဟာက နယ်သွားပြီး တာဝန်ထမ်းရမှာလေ။ ကျွန်မကလဲ သူနဲ့လိုက်မသွားနိုင်ဘူး။ မောင်လေးကရိုးတော့ မတော်တာတွေနဲ့ တွေ့သွားမှာလဲစိုးတယ်။ ကျွန်မကတော့လေ ဒေါ်ဒေါ်ခင့်သမီးလေး တင်တင်နဲ့ မောင်လေးနဲ့ သင့်မြတ်ကြရင် သိပ်ကောင်းမှာပဲလို့ အမြဲတွေးမိတယ်။ အဲဒါ ဒေါ်ဒေါ် တို့သဘောထားကော ဘယ်လိုများရှိမလဲလို့ လာမေးတာပါရှင်"

ရပ်ဆွေရပ်မျိုးလည်းဖြစ်သော ကြီးကြီးလှ၏ စကားကို ရိုးသားသော အမေ့မိဘများက သဘောတွေ့ကြသည်။ ကိုယ့်သမီး အရာရှိကတော်၊ မင်းကတော်၊ စိုးကတော်ဖြစ်မှာကိုတော့ မလိုလားစရာမရှိဟုယူဆသည်။ ထို့ကြောင့်လည်း အသက် ၂၀ မပြည့်သေးသော အမေ့ကို အိမ်ထောင်ပြုရန် အဘိုး၊ အဘွားတို့က နားချခဲ့ခြင်းဖြစ်သည်။

တစ်သက်လုံး မိဘကိုရိုကျိုးပြီး မိဘစကား မြေဝယ်မကျနားထောင်ခဲ့သော အမေသည် အချစ်ဆိုသည်ကိုလည်းကောင်း၊ အိမ်ထောင်ရေးဆိုသည်ကိုလည်းကောင်း ရေရေရာရာ ဂဃနဏ နားမလည်ပါဘဲ အဖေ့ကိုလက်ထပ်ရန် ခေါင်းညိတ်ခဲ့ကာ သျှောင်နောက် ဆံထုံးပါခဲ့ရခြင်းဖြစ်သည်။

အမေနှင့်အဖေတို့၏ ဆက်ဆံရေးနှင့်ပတ်သက်၍ ကလေးဘဝတုန်းကတော့ အမှုမဲ့ အမှတ်မဲ့ရှိခဲ့သည်။ ကျွန်တော် လူမှန်းသိလာသည့်အခါ အဖေသည် အမေ့အပေါ် တင်စီးလွန်း၊ အနိုင်ယူလွန်း၊ ဗိုလ်ကျလွန်းသည်ကို တွေ့မြင်ခံစားလာရသည်။

အိမ်မှာ အဖေက တစ်သွေး၊ တစ်သံ၊ တစ်မိန့်နှင့် အုပ်ချုပ်သည်။ အဖေက ဖြူဆိုလျှင် တစ်အိမ်လုံး ဖြူရသည်။ အဖေက မည်းဆိုလျှင် တစ်အိမ်လုံး မည်းရသည်။ အဖေ၏ဇနီးမယားဖြစ်သော အမေသည် အဖေ့စကားကို မှားမှားမှန်မှန် စောဒကတက်ခွင့်မရှိ။ ထူးဆန်းသည်က အဖေသည် အမေ့အပေါ် ကြင်ကြင်နာနာမရှိရုံမက တစ်ခါတစ်ရံ အပြစ်မရှိ အပြစ်ရှာတတ်သူလည်းဖြစ်သည်။

အဖေ့လစာက အရာရှိလစာဆိုသော်လည်း အဖေက အမေ့ကို အကုန်အပ်သည်မဟုတ်။ အဖေပေးသမျှ အမေယူရသည်။ ပေးသမျှငွေလေးနှင့် အမေ့မှာ မိသားစု စားရေးသောက်ရေးကို အဆင်ပြေအောင် စီမံချက်ပြုတ်ရသည်။ အသားဟင်း၊ ငါးဟင်းမှန်သမျှ ယောက်ျားဖြစ်သူကို ဦးစားပေးကျွေးမွေးပြီး သူကတော့ ဖြစ်သလို ပဲပြုတ်လေး၊ ဟင်းရွက်ကြော်လေးနှင့် စားတတ်သောအမေ့ကို အဖေသိလျက်နှင့် မသိယောင်ဆောင်နေသည်။ ဟင်းရံအဖြစ် အမေက ငါးပိရည်ဖျော်လျှင် အဖေက ငါးပိကြော်တောင်းသည်။ ငါးပိကြော်ပေးလျှင် ငါးပိထောင်းတောင်းသည်။ အမေက အဖေတောင်းဆိုသမျှ မညည်းမညူ ချက်ချင်းထလုပ်ပေးသည့်တိုင် တစ်ခါတစ်ရံ စိတ်မထင်လျှင် ထမင်းဝိုင်းကို ခြေထောက်နှင့်ကန်၍ မှောက်ချင်မှောက်ပစ်တတ်သေးသည်။

အမေ့ခမျာ မျက်နှာလေး ညှိုးသွားသည်ကလွဲ၍ တစ်ခါမျှ ကက်ကက်လန် ပြန်ရန်ဖြစ်တာမျိုးမရှိခဲ့။ အမေက သူမတူအောင် သည်းခံနိုင်စွမ်းကြီးလှသည်။

အရာရှိကတော်သာဆိုသော်လည်း ကလေးနှစ်ယောက်မိခင်အမေ့မှာ ဟန်နှင့်ပန်နှင့် စည်းစိမ်နှင့်နေရသည်ဟူ၍ တစ်ခါမျှမရှိခဲ့။ အိမ်အလုပ်တွေကိုပဲ တကုပ်ကုပ်လုပ်နေရသည်။ အမေသည် မီးဖိုချောင်စရိတ်သက်သာအောင် အိမ်ဘေးရှိ မြေကွက်လပ်လေးမှာ ချဉ်ပေါင်၊ ခရမ်းချဉ်၊ မုန်ညင်း၊ ပြည်ပန်းညို၊ ငရုတ်၊ နံနံ စသည့် သီးပင်စားပင်လေးများကို တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက်သည်။ အိမ်အောက်မှာ ဝါးထရံလေးခတ်ပြီး ဥစားကြက်မလေးများ မွေးထားသည်။ ကိုယ်ဝန်ပျက်ကျထားလျက်နှင့်ပင် ကြက်စာသွားဝယ်ပြီး အထုပ်ကြီး၊ အထုပ်ငယ် မနိုင့်တနိုင်ဆွဲ၍ပြန်လာသည့် အမေ့ရုပ်ပုံလွှာကို ကျွန်တော် ယနေ့တိုင်မမေ့နိုင်သေး။ သားနှင့်သမီးကို အသား၊ ငါးလှိုင်လှိုင် မကျွေးနိုင်သဖြင့် အာဟာရမချို့တဲ့ရလေအောင် ကြက်ဥကိုတော့ ကြော်တစ်လှည့်၊ ပြုတ်တစ်လှည့်ကျွေးနိုင်ဖို့ ကြံဆောင်သောအမေ့စေတနာဖြစ်သည်။

အဖေ့လုပ်ငန်းသဘာဝအရ နယ်မြို့တွေကို တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့တာဝန်ထမ်းရသည်။ ရန်ကုန်ကိုတော့ သုံးနှစ်လောက် ခဏပြန်လာရပြီး နှစ်အတော်များများက နယ်မှာပဲနေရသည်။

ကျွန်တော်တို့ ဘယ်မြို့ပြောင်းပြောင်း ကြီးကြီးလှက တစ်နှစ်တစ်ခေါက်လောက်တော့ အိမ်ကို ရောက်လာတတ်သည်။ အိမ်မှာတစ်ပတ်၊ ဆယ်ရက်နေသွားသည်။ အိမ်တွင် အဖေက အမေ့အပေါ် စီးပိုးအနိုင်ယူနေသည်ကို မြင်သော်လည်း အဖေ့ကို တားမြစ်ဟန့်တားခြင်းမပြု။ အဖေ့ကို ဘယ်သောအခါမျှ အပြစ်မပြော။ အမေ့ကိုသာ အပြစ်ဖို့လေ့ရှိသည်။

"မောင်အေးမင်းက အကောင်းကြိုက်ဟဲ့။ ငါကလဲငယ်ကတည်းက အကျင့်လုပ်ပြီး သူ့အကြိုက်ဟင်းတွေချည်း အပင်ပန်းခံ ချက်ကျွေးခဲ့တာကိုး။ တင်တင်လဲ ကိုယ့်ယောက်ျား စားရသောက်ရ အဆင်ပြေအောင် စိတ်ရှည်ရှည်နဲ့ ဖွယ်ဖွယ်ရာရာ ချက်ပေါ့အေ။ ပြီးစလွယ်တော့ မလုပ်နဲ့ပေါ့ "

"ဒါ မောင်အေးမင်း အဆိုးမဟုတ်ဘူး။ သူက အိမ်ထောင်ဦးစီးလေ။ သူပဲ မင်းတို့ကို ရှာဖွေကျွေးမွေးနေတာမဟုတ်လား။ ဘယ်ကိစ္စမဆို သူဆုံးဖြတ်သမျှ အားလုံး လိုက်နာရမှာပေါ့"

"တင်တင်က ဆယ်တန်းမအောင်ပေမဲ့ အခုလို လူရိုသေ ရှင်ရိုသေ အရာရှိကတော်ဖြစ်လာရတာ မမလှကြောင့်နော်။ အဲဒီကျေးဇူးကို မမေ့နဲ့အုံး"

အတ္တဆန်လှသော ကြီးကြီးလှ၏စကားများကို ကျွန်တော်နားခါးစွာ ကြားခဲ့ရပေါင်းများလှပြီ။

အမေကတော့ ကြီးကြီးလှကို ဘယ်သောအခါကမျှ ခွန်းတုံ့မပြန် ထိုကဲ့သို့ အပြောခံရလျှင် မချိပြုံးလေးပြုံးရင်း အိမ်အလုပ်တွေသာ သိမ်းကျုံးလုပ်နေတော့သည်။

အဖေက အရက်တော့ မသောက်တတ်။ သို့သော် တစ်ခါတစ်ရံ ညှော်ခံပွဲ သို့မဟုတ် မိတ်ဆွေအပေါင်းအသင်းများနှင့် ဆုံသည့်ပွဲဆိုလျှင်တော့ သောက်စားလာတတ်သည်။ အဖေ အရက်မူးလာလျှင် အမေ့ကို ပြောသောစကားများက ပို၍ရက်စက်ပြီး ပို၍ပင်ရင်နာစရာ ကောင်းနေသေးသည်။

"မင်းကို ငါ ချစ်လို့ယူခဲ့တာမဟုတ်ဘူး တင်တင်။ မမလှ စိတ်ချမ်းသာအောင်ယူခဲ့တာ။ တက္ကသိုလ်တုန်းက ငါ့မှာရည်းစားရှိတယ်။ မမလှ သဘောမတူလို့ ငါတို့ ဖူးစာမဆုံခဲ့တာ"

ထိုအခါမျိုးမှာလည်း အမေက မျက်ရည်တွေတွေကျသည်ကလွဲ၍ အဖေ့ကို ဘာဆိုဘာမျှ ပြန်မပြောခဲ့။

ထို့ကြောင့် ကျွန်တော်သည် အမေ့ကို သနားပြီး အချစ်ပိုခဲ့ခြင်း ဖြစ်ပါသည်။

(၂)

နယ်မြို့တွေ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့အမှုထမ်းရင်း အဖေလည်း ရာထူးတွေ တစ်ဆင့်ပြီး တစ်ဆင့် တိုးမြင့်လာခဲ့သည်။

ရန်ကုန်ရုံးချုပ်ကို ပြန်ရောက်သောအခါ အဖေ၏ ရာထူးနှင့် ဌာနဆိုင်ရာက လောဘသားတွေ ငမ်းငမ်းတက်မက်မောအားကျသော နေရာဖြစ်နေပေပြီ။ လာဘ်သပ်ပကာ ရှင်သောလုပ်ပိုင်ခွင့်ကိုရထားသဖြင့် အဖေ တစ်ယောက် လက်ဖျားငွေသီးနေလေတော့သည်။

စီးပွားရေးသမားလုပ်ငန်းရှင်များက အဖေ့ကို အပြိုင်အဆိုင်ချဉ်းကပ်ကြသည်။ အပြိုင်အဆိုင် ဂါရဝပြုကြသည်။ မြှောက်ပင့်ကြသည်။ အပြိုင်အဆိုင် ပစားပေးကြသည်။ အပြိုင်အဆိုင်အဖေ့ကို ဦးတည်ဖိတ်ကြားသော ညှော်ခံပွဲများ စိပ်လာသည်။ ညှော်ခံပွဲက အရက်ကောင်းများကို သောက်ရင်း အဖေလည်း အရက်စွဲမှန်းမသိ စွဲလာသည်။

အမေ့ကိုလည်း ခါတိုင်းထက် ငွေပိုပိုမိုမိုထုတ်ပေးသဖြင့် အမေ့မှာ ယခင်ကလောက် ကသီလင်တမဖြစ်တော့ပေ။ "ဆရာကတော်ဖို့"ဟူသော ခေါင်းစဉ်ဖြင့် လက်ဆောင်ပစ္စည်းများ၊ အဖိုးတန် အဝတ်အထည်များ ရံဖန်ရံခါရတတ်ပေမယ့် အမေကတော့ ထိုပစ္စည်းများကို မက်မောခြင်းမရှိ။ အမေက တစ်သက်လုံး ရိုးရိုးနေ၊ ရိုးရိုးဝတ်၊ ရိုးရိုးစားခဲ့သူမဟုတ်လား။

အဖေကတော့ သူ့ဘဝသူ အလွန်ကျေနပ်နေသည်။ အလွန်သာယာနေသည်။ သူ့ကို ဝန်းရံသူတွေနှင့် သောက်လိုက်၊ စားလိုက်နှင့်ပျော်နေသည်။

ကျွန်တော် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် သင်္ချာအဓိက၊ တတိယနှစ် စာမေးပွဲဖြေအပြီး ညီမလေးကလည်း ၁၀ တန်းကို ဂုဏ်ထူးငါးဘာသာဖြင့် ဖြေဆိုအောင်မြင်အပြီး ထိုနှစ်မှာ အဖေလူမှုရေးစည်းဖောက်လေသည်။

အဖေတို့ဌာနနှင့် လုပ်ငန်းသဘောအရ ဆက်စပ်နေသော ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ရာထူးအတန်အသင့်ရှိသော အမျိုးသမီးတစ်ဦးနှင့် အဖေ ဖောက်ပြန်သည်။ အဖေက အသက် ၅၀ စွန်းစွန်း။ ထိုအမျိုးသမီးက ၃၀ ကျော် ၄၀ တွင်း။

စာမျက်နှာ ၂၅ သို့ á

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၃၅၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၃၅၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၄၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၅၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဖူးစားပြောင်းဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်နေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်းတောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့ကုန်မှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

## နိုင်ငံ့အကျိုး တို့သယ်ပိုး

– လုပသော တို့မြန်မာ၊
အဖိုးတန် ရေမြေရှိ
ရှုခင်းကသာ၊
တွင်းထွက်နဲ့ ရတနာ
များဥစ္စာ ပြည့်စုံထွား၊
သစ်တောတွေ မပျက်စီးဖို့
စည်းကမ်းတို့ထား။

– စည်းလုံးစို့ တို့မြန်မာ၊
ညီညွတ်လေ တိုင်းရင်းသားတို့
သွေးချင်းများပါ၊
နယ်မြေတို့ မခွဲကာ
ညီညာစွာ လက်ချင်းယှက်၊
မြန်မာပြည် တိုးတက်ရေးကို
ဆွေးနွေးလို့ဆက်။

– ကြိုးစားစို့ တို့မြန်မာ၊
အဖြူရောင် နှလုံးသားဖြင့်
စိတ်ထားလှပါ၊
သမိုင်းပေး တာဝန်မဟာ
ကျေပွန်စွာ လက်ဆင့်ကမ်း၊
ကာကွယ်လေ မြန်မာအကျိုးကို
သယ်ပိုးလို့ထမ်း။ ။

**မောင်စစ်သွေး**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်ရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို စက်တင်ဘာလပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအားက သိသိသာသာတက်ခဲ့တာ ဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်ကပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ဆည်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၇၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၇၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

á စာမျက်နှာ ၂၄ မှအဆက်

ဖောက်ပြန်ရုံမကသေး ပို၍ဆိုးသည်ကား အမေ့ကို ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးခိုင်းခြင်းဖြစ်သည်။ အမေနှင့် ကွာရှင်းပြီးမှသာ ထိုအမျိုးသမီးက အဖေ့ကို လက်ထပ်ယူနိုင်မည်ဆိုပါသတဲ့။

အခြားသောအိမ်ထောင်ရှင် မိန်းမများသာဆိုလျှင် ဒေါသတကြီး ရန်တွေ့ပေါက်ကွဲ ဝုန်းဒိုင်းကြဲမည့်ကိစ္စ ဖြစ်သည်။ သို့သော် အလွန်စကားနည်းသော အမေ၏ တုံ့ပြန်မှုက–

"ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ ကိုအေးမင်း"တဲ့။ ဤမျှသာပါပဲ။

"ဘာအပြစ်ရှိလဲဆိုတော့ မင်းရုပ်မင်း မှန်ထဲပြန်ကြည့်လိုက်လေ"

အဖေ့အဖြေက ရင့်သီးရိုင်းပျလွန်းလှသည်။

ကျွန်တော် ကြီးကြီးလုထံ ဖုန်းဆက်၍ တိုင်တန်းသည်။ ကြီးကြီးလု အိမ်ရောက်လာသည်။ အဖေ့စာကြည့်ခန်းတွင် အဖေနှင့် ကြီးကြီးလုနှစ်ယောက်တည်း တံခါးပိတ်၍ နေ့တစ်ဝက်ခန့် စကားပြောကြသည်။

နောက်ဆုံးတော့ ကြီးကြီးလု အခန်းထဲမှထွက်လာပြီး ကြီးကြီးလုထံမှ မယုံကြည်နိုင်လောက်အောင် တစ်ဖက်သတ်ဆန်သော၊ မတရားသော၊ ကိုယ်ချင်းစာနာခြင်းလုံးဝမရှိသော ရွံမုန်းစရာစကားများကို ကြားသိလိုက်ရသည်။

"ကွာပေးလိုက်ပါ တင်တင်။ သူချစ်မြတ်နိုးသူကို သူယူပါစေ။ အရင်တစ်ခါကလဲ ငါ့ကြောင့် သူချစ်တဲ့သူနဲ့မပေါင်းခဲ့ရဘူး။ ဒီတစ်ခါတော့ ငါ မတားချင်တော့ဘူး"

ကျွန်တော် ဘုရားတလိုက်မိသည်။ ကြီးကြီးလုက ဆက်ပြောသည်။

"ဒီအိမ်ကို မင်းကို ပေးခဲ့မယ်ပြောတယ်တင်တင်။ ကလေးနှစ်ယောက် ဘွဲ့ရတဲ့အထိလဲ သူတာဝန်ယူမယ်တဲ့။ ဒါဆိုရင် မင်းတို့သားအမိ မနစ်နာပါဘူး"

ကျွန်တော့်တစ်ကိုယ်လုံး ဒေါသနှင့် တုန်ယင်နေခဲ့သည်။ ဒေါသများ ပွင့်ထွက်မသွားအောင် ကျွန်တော်အတော်ပင် ချုပ်တည်းထားရသည်။

"စာချုပ်ပေးပါ။ ကျွန်မ လက်မှတ်ထိုးပေးပါ့မယ်"

အမေသည် တကယ်ပင် အဖေ့စိတ်တိုင်းကျ၊ ကြီးကြီးလု အလိုကျ ကွာရှင်းစာချုပ်တွင် လက်မှတ်ရေးထိုးပေးခဲ့သည်။

"ကျွန်တော့်ကို ထောက်ပံ့စရာမလိုဘူးအဖေ။ ကျွန်တော် ယောက်ျားလေး။ အဝေးသင်ပြောင်းပြီး ကျွန်တော်အလုပ်လုပ်မယ်။ အမေ့ကိုလဲ ရှာကျွေးမယ်"

"သမီးကိုလဲ ထောက်ပံ့စရာမလိုဘူး။ ကိုးတန်း၊ ၁၀ တန်း ကလေးတွေကို ဂိုက်ဆရာမလုပ်ပြီး တက္ကသိုလ်ဆက်တက်မယ်"

တိုင်ပင်မထားပါဘဲလျက် ကျွန်တော်နှင့်ညီမလေး၏ သဘောထားက တူညီသွားသည်။ အဖေ့မျက်နှာ အရောင်ပြောင်းသွားသည်။

နောက်တော့ "ကောင်းပြီလေ"ဟုပြော၍ အဖေသည် အိမ်ရှိ သူ့အဝတ်အစား၊ သူ့ပစ္စည်း၊ သူလိုချင်တာမှန်သမျှအားလုံးကို သိမ်းကျုံးယူငင် ကားပေါ်တင်၍ အိမ်မှ ထွက်ခွာသွားလေသည်။

ဆက်လက်ဖော်ပြပါမည်။

# ရှေ့ဆောင်

## ဆူးသစ်

ကျွန်တော် အစိုးရအလုပ်ကိုဝင်ပြီး သိပ်မကြာခင်မှာပင် သတိမူစရာနှစ်ခုကို တွေ့လိုက်ရသည်။ အခြားတော့မဟုတ်ပါ။ ကျွန်တော်ရောက်ရှိနေသောနေရာတွင် လုပ်ကိုင်သွားခဲ့သော အရာရှိတစ်ဦး၏ လုပ်ငန်းလုပ်ကိုင်မှု စနစ်ကျသေသပ်ပုံနှင့် ကျွန်တော်နှင့် အလုပ်တော်တော်များများ တွဲလုပ်နေသော အရာရှိတစ်ဦး၏ လုပ်ကိုင်မှုစနစ်ကျသေသပ်ပုံတို့ပင်ဖြစ်သည်။

ကျွန်တော်သည် မြို့နယ်ရုံးတစ်ရုံးတွင် တာဝန်ထမ်းဆောင်ရသော အရာရှိတစ်ဦးဖြစ်သည်။ ကျွန်တော် ထိုမြို့နယ်ရုံးသို့ မရောက်ခင်က အရာရှိတစ်ဦးရှိရာ သူသည် လုပ်ငန်းလုပ်ကိုင်မှု စနစ်ကျသေသပ်ပြီး ကြိုးလည်းကြိုးစားကြောင်း ကြားသိခဲ့ရလေသည်။

ကျွန်တော် ထိုမြို့နယ်သို့ရောက်သောအခါ ကြားထားသည့်အတိုင်း အမှန်ပင်ဖြစ်နေသည်ကို တွေ့ရသည်။ ယခင်အရာရှိ၏ ဖိုင်တွဲများ၊ မှတ်တမ်းများအားလုံးသည် စနစ်ကျသေသပ်စွာဖြင့် တည်ရှိကာ ဖိုင်နာမည်များကအစ ဖြစ်ကတတ်ဆန်းရေးမထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ၎င်းအရာရှိ၌ ကွန်ပျူတာရှိ၍ လုပ်ငန်းသုံးစာရွက်စာတမ်းတချို့ကိုလည်း ကွန်ပျူတာနှင့် ပုံစံချ၍ကြိုတင်ထုတ်ထားသေးရာ သူလုပ်ထားသော လုပ်ငန်းခွင်ဆောင်ရွက်မှုသည် သူမရှိသည့်တိုင် နောက်လူ ကျွန်တော့်အတွက် အသုံးဝင်၍ သူ့ကို ကျေးဇူးတင်ရပါသည်။

လုပ်သက်နည်းနည်း ရလာသောအခါတွင် သူ့လုပ်ကိုင်ပုံနည်းစနစ်များထဲတွင် ကျွန်တော်ပင် မသိမသာမျောပါသွားရသည်ကို သတိထားမိပါသည်။ ကောင်းသောအလေ့အထများဖြစ်၍ ကျွန်တော်ကျေနပ်ပါသည်။

နောက်တစ်ဦးကတော့ ဌာန၏ အလုပ်တော်တော်များများကို ကျွန်တော်နှင့်တွဲလုပ်ရသော အရာရှိတစ်ဦးဖြစ်သည်။ အမှန်အတိုင်းဝန်ခံရလျှင် အလုပ်ဝင်ခါစက သူ့ကို ကျွန်တော်အထင်မကြီးခဲ့ပေ။ သူလိုကိုယ်လိုဟု ထင်ထားခဲ့ပါသည်။ ကိုယ့်ရှေ့က အထက်အရာရှိတစ်ယောက်အနေဖြင့်တော့ လေးစားမှုရှိခဲ့သည်။

သို့သော် အချိန်အတော်ကြာကြာ သူနှင့် အလုပ်တော်တော်များများကို တွဲလုပ်ပြီးသည့်အခါ ကျွန်တော်က ပြီးချင်ဇောနှင့်မြန်မြန်လုပ်လေ့ရှိပြီး သူက အလုပ်စလုပ်ကတည်းက သေသေသပ်သပ်ဖြစ်အောင် စိတ်ရှည်ရှည်လုပ်လေ့ရှိသည်ကို တွေ့ရသည်။

သည်မှာပင် သူ့စိတ်ကို ကျွန်တော်တွေ့လိုက်ရသည်။ သူသည် အလုပ်ကို ဖြစ်ကတတ်ဆန်းနှင့်ပြီးအောင်လုပ်ချင်သည့်သဘောမရှိ။ မလုပ်ချင်လျှင် အရှင်း။ လုပ်ပြီဆိုလျှင်တော့ နောက်လူအလိုက်လွတ်အောင်လုပ်မည်၊ အားလုံးကျေနပ်စေရမည်ဆိုသည့် စိတ်ထားမျိုး။

သည်လိုသိလိုက်ရတော့ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် တော်တော်ရှက်မိပါသည်။ ကျွန်တော့်မှာ ကိစ္စတစ်ခု ပြီးအောင်လုပ်ချင်သည့်ဆန္ဒသာရှိသည်။ သေသပ်လှပအောင် မကြိုးစားတတ်။ တာဝန်ကျေရုံသာ လုပ်ချင်သည့်သဘောမျိုး။ ယခုတော့ ပြင်ရတော့မည်။

❖ လူငယ်များသည် လောလောဆယ် နောက်ကလိုက်နေသူများဖြစ်သည်။ ရှေ့က ဦးဆောင်နေသူများ၏ ကောင်းသောအကျင့်များကို ယူနေရပါမည်။ မကောင်းသည်များကို ဖယ်ချန်ထားခဲ့ပါ။ သို့မှသာ နောင်တစ်ချိန် ရှေ့ကဦးဆောင်လာရလျှင် မိမိက တစ်ပန်းသာပါလိမ့်မည်။ ရှေ့ဆောင်ကောင်းဖြစ်လာသော မိမိကြောင့်ပင် နောက်လိုက်ကောင်းများရကာ လုပ်ငန်းလည်ပတ်မှု ချောမွေ့အောင်မြင်လာပါလိမ့်မည်။ ထို့ပြင် ရှေ့ဆောင်ကောင်းများအတွက် ထိုက်တန်သော နေရာတစ်နေရာကို အလွယ်တကူရောက်ရှိသွားပါလိမ့်မည်။ ❖

ယခု ကျွန်တော်တွေ့ကြုံခဲ့သော လူနှစ်ဦးက ကျွန်တော့်ကို စကားမပြောဘဲ ပညာများသင်ပေးနေသည်ဟု ကျွန်တော်ခံစားရသည်။ လုပ်ငန်းတစ်ခုလုပ်ကိုင်ရာတွင် စည်းစနစ်ကျရန်၊ သေသေသပ်သပ်လုပ်ရန်၊ တာဝန်ကျေရုံမလုပ်ရန်၊ စိတ်ကောင်းမွေးရန်စသည်ဖြင့် ကျွန်တော်ရလိုက်သည်မှာ အများကြီးပင်။

သည်မှာပင် ကျွန်တော်မြင်လိုက်မိတာတစ်ခု ထပ်ထွက်လာသည်။ ထိုအရာကား ရှေ့မှဦးဆောင်သူတစ်ဦး၏ အမူအကျင့်သည် နောက်ကလိုက်သူအပေါ် ရိုက်ခတ်မှုများစွာရှိသည်ဆိုသောအချက်ပင်။ တစ်နည်းဆိုရလျှင် ရှေ့ဆောင်တစ်ဦး၏ အမူအကျင့်သည် နောက်လိုက်အတွက် နမူနာယူစရာဖြစ်နိုင်သည်၊ ကူးစက်နိုင်သည်ဆိုသော အချက်ပင်ဖြစ်ပါသည်။

ထိုအချက် မှန်၊ မမှန် ကျွန်တော့်အဖြစ်က သက်သေပင်။ သို့သော် ကျွန်တော်ကြုံလိုက်ရသည်က ကောင်းသောအမူအကျင့်များရှိသည့် ရှေ့ဆောင်များဖြစ်နေ၍ ကံကောင်းသည်ဟုဆိုရပါမည်။ ခပ်ညံ့ညံ့ရှေ့ဆောင်များနှင့်ကြုံရလျှင်တော့ နောက်လိုက်ကျွန်တော်ပါ ရော၍ဒုက္ခရောက်နိုင်သည် မဟုတ်လား။

ကျွန်တော့်ပတ်ဝန်းကျင်မှာပင် ထိုသို့ ခပ်ညံ့ညံ့သဘောရှိသော ရှေ့ဆောင်များရှိသည်။ အလုပ်ကို ရေသာခို၊ ဖြစ်ကတတ်ဆန်းလုပ်၊ ဘာကိုမျှအလေးအနက်မထားသော ရှေ့ဆောင်များလည်း ကြုံရပါသည်။ သူတို့လုပ်သကဲ့သို့ ကျွန်တော့်ကိုပါ လိုက်လုပ်ခိုင်းခဲ့သည်။ ကျွန်တော့်နာမည်ပျက်မည်စိုး၍ လိုက်မလုပ်ခဲ့ပေ။ သတိထားစရာတော့ကောင်းပါသည်။

ကောင်းသောရှေ့ဆောင်ကြောင့် ကောင်းသောအမူအကျင့်များဖြစ်ပေါ်လာနိုင်သကဲ့သို့ မကောင်းသောရှေ့ဆောင်ကြောင့် မကောင်းသောအမူအကျင့်များ ကူးစက်ခံရနိုင်ပါသည်။

ကျွန်တော်တို့သည် အရွယ်များကို ဖြတ်သန်းနေကြဆဲရှိပါသေးသည်။ မိမိက နောက်ကလိုက်ရသည့်အခါရှိမည်။ ရှေ့က ဦးဆောင်ရသည့်အခါများရှိမည်။ မိမိ နောက်ကလိုက်ရချိန်တွင် ရှေ့ကဦးဆောင်သူ၏ အပြုအမူများကိုလေ့လာကြည့်ပါ။ ကောင်းတာလေးများယူပါ။ မကောင်းတာလေးများပယ်ပါ။ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဆိုသောစကားလည်း ရှိသည်မဟုတ်လား။

သည်လိုနှင့် မိမိရှေ့က ဦးဆောင်ရချိန် တစ်လှည့်ကြုံလာပါလိမ့်မည်။ ထိုအချိန်က မိမိနောက်ကရှိနေသူများအတွက် မိမိက စံပြမဟုတ်တောင် လေးစားဖွယ်ရာလူတစ်ဦးဖြစ်အောင်တော့ နေပြမှတော်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သိသလောက် ခပ်ညံ့ညံ့ရှေ့ဆောင်များမှာ ကြာရှည်မခံတတ်ဘဲ လူကဲ့ရဲ့ခံရ၍ ဘဝကျရှုံးလေ့ရှိသောကြောင့်ပင်။

လူငယ်များသည် လောလောဆယ် နောက်ကလိုက်နေသူများဖြစ်သည်။ ရှေ့က ဦးဆောင်နေသူများ၏ ကောင်းသောအကျင့်များကို ယူနေရပါမည်။ မကောင်းသည်များကို ဖယ်ချန်ထားခဲ့ပါ။ သို့မှသာ နောင်တစ်ချိန် ရှေ့ကဦးဆောင်လာရလျှင် မိမိက တစ်ပန်းသာပါလိမ့်မည်။ ရှေ့ဆောင်ကောင်းဖြစ်လာသော မိမိကြောင့်ပင် နောက်လိုက်ကောင်းများရကာ လုပ်ငန်းလည်ပတ်မှု ချောမွေ့အောင်မြင်လာပါလိမ့်မည်။ ထို့ပြင် ရှေ့ဆောင်ကောင်းများအတွက် ထိုက်တန်သောနေရာတစ်နေရာကို အလွယ်တကူရောက်ရှိသွားပါလိမ့်မည်။

သည်တော့ မိမိပတ်ဝန်းကျင်ကို တစ်ချက်လောက် သေသေချာချာကြည့်ပါ။ မိမိအတွက် မည်သူများက ရှေ့ဆောင်ကောင်းဖြစ်နေသနည်း။ မည်သူများကတော့ ရှေ့ဆောင်ကောင်းမဟုတ်သနည်း။ မည်သူများ၏အရိပ်က မိမိကို လွှမ်းမိုးနေပြီလဲ။ မိမိကိုယ်တိုင်ကရော ဘယ်လမ်းကြောင်းထဲကို ဝင်သွားသနည်း။ လွဲနေလျှင် နောက်ပြန်ဆုတ်ရန် အချိန်ရှိသေးသည်မဟုတ်လား။

ဤသို့ဖြင့် ရှေ့ဆောင်ကောင်းများကို မြင်တတ်၊ တွေ့တတ်၊ လေ့လာတတ်ပြီး ၎င်းတို့၏အပြုအမူအကျင့်ကောင်းလေးများကို အတုယူလိုက်နာကျင့်ကြံတတ်ပြီဆိုလျှင်ဖြင့် မိမိကိုယ်တိုင်လည်း တိုးတက်လာကာ နောင်တစ်ချိန်၌ ရှေ့ဆောင်ကောင်းတစ်ဦးအဖြစ် မိမိပတ်ဝန်းကျင်ကို ဦးဆောင်လာနိုင်ပါလိမ့်မည်။ ထိုအခါ၌ အရည်အချင်းပြည့် ထက်မြက်သောရှေ့ဆောင်ကောင်းများနှင့် ရပ်တည်နေသည့် လူမှုနယ်ပယ်ကို ကျွန်တော်တို့ နိုင်ငံတော်သစ်ကြီးတွင် မြင်တွေ့ရလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေမိပါသည်။

# စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်၊ သွင်းအားစုများအတွက် ချေးငွေများ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ မွန်ဇော်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မွန်ဇော်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မွန်ဇော်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မွန်ဇော်ကျေးရွာရှိ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။

**ချိုလေး**



# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၁၀၈၅ ဧက စိုက်ပျိုးမည်




**ဟုမ္မလင်း အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းစုစုပေါင်း ၁၀၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၁၀၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းခရိုင်အတွင်း ဆီမုန်ညင်းနဲ့ ပန်းနှမ်း စုစုပေါင်း ၁၀၈၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီမုန်ညင်းနဲ့ ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးကြပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဆီမုန်ညင်း ၉၄၅ ဧက၊ ပန်းနှမ်း ၉၅ ဧက၊ မိုပိုင်းလွတ်မြို့တွင် ဆီမုန်ညင်းဧက ၄၀၊ ပန်းနှမ်း ငါးဧက စုစုပေါင်း ၁၀၈၅ ဧကဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လင်းခေး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဥက္ကဋ္ဌ ဦးစိုးမင်းထက်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ မြေသားလမ်းပေါ်တွင် အမြင့် ကိုးလက်မရှိသဲဖြူနုန်းခင်းခြင်းလုပ်ငန်း၊ အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီ သုံးခုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၃၃၉ သန်းဖြင့် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးပါက ဝမ်တိန်းကျေးရွာရှိ တောင်သူများ၏လယ်ယာမြေများမှ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးဖွဲနုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင် ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန် အစာအဖြစ်အသုံးပြုပါတယ်။ လက်ရှိမှာ စပါးသစ်မပေါ်သေးတော့ ဖွဲနုလဲအထွက်နည်းနေပါတယ်။ လက်ရှိ အောက်တိုဘာလထဲမှာလဲ ဖွဲနုအိတ်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်က အခုလို ဖွဲနုအိတ်တွေ အဝယ်လိုက်လာတာဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါး၊ ဖွဲနုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံး ဝယ်ယူလျက်ရှိပြီး ရန်ကုန်ဈေးကွက်သို့လည်းတင်ပို့ရောင်းချလျက်ရှိကာ ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ဖလံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖလံကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဖလံကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ အပ်ချုပ်စက်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# သံတောင်ကြီးမြို့နယ် မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး အောက်တိုဘာ ၂၃**


ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောဟဲဒိုစိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးစောဟဲဒိုစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မစ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အိပိုးပိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး နှစ် ၈၀ ပြည့်မှသည် ကမ္ဘာကြီးအကျိုးကို ထာဝစဉ် သယ်ပိုးနိုင်ပါစေ

နှစ်စဉ်အောက်တိုဘာ ၂၄ ရက်သည် ကမ္ဘာ့ကုလသမဂ္ဂနေ့ (The United Nations Day)ပင်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့စည်းမှုသည် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်အသက်ဝင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် နှစ် ၈၀ ပြည့်မြောက်ပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် လွန်ခဲ့သောနှစ် ၈၀ ကာလအတွင်း ဤကမ္ဘာမြေကြီးငြိမ်းချမ်းရေးနှင့်ကမ္ဘာ့လူသားများ အကျိုးအတွက် မြားမြောင်လှသောတာဝန်များကို မမောမပန်းထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ ယခုပစ္စုပ္ပန်အချိန်တွင်လည်း ထမ်းဆောင်လျက်ရှိသကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်ထမ်းဆောင်နေဦးမည်ဖြစ်သည်။

**စတင်ဖွဲ့စည်း**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းနိုင်ရေးအတွက် ၁၉၄၅ ခုနှစ် ဧပြီလမှစ၍ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ကွန်ဖရင့်တစ်ရပ်ကျင်းပ၍ ကုလသမဂ္ဂပဋိညာဉ်ကို စတင်ပြုစုခဲ့သည်။ ထို့နောက် ဇွန် ၂၆ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါပဋိညာဉ်သည် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်အာဏာသက်ရောက်လာပြီး ကုလသမဂ္ဂလုပ်ငန်းများလည်ပတ်နိုင်ခဲ့သည်။

စင်စစ်အားဖြင့် ကမ္ဘာ့နိုင်ငံများကြား အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ ကျူးကျော်ရန်စမှုများ၊ နိုင်ထက်စီးနင်းပြုမှုများ၊ ဥပဒေမဲ့လုပ်ရပ်များစသည့် မြားမြောင်သောနယ်ပယ်များကို ညှိနှိုင်းဆွေးနွေးတိုင်ပင်အဖြေရှာပြီး တည်ငြိမ်အေးချမ်းမှုကို ဟန်ချက်ညီညီထိန်းညှိနိုင်ရန်အတွက် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး(United Nations-UN)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ထိုရည်မှန်းချက်များအပြင် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အလားတူပဋိပက္ခကို တားဆီးနိုင်စေရန်၊ အစိုးရများကြား နိုင်ငံရေးနှင့်စီးပွားရေးအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်နှင့် သက်ဝင်လှုပ်ရှားမှုမရှိတော့သည့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏နေရာတွင် အစားထားရန်ဆိုသောကောင်းမွန်သောရည်မှန်းချက်များဖြင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၅၁ နိုင်ငံသာရှိသော်လည်း လက်ရှိအချိန်တွင် ၁၉၃ နိုင်ငံထိ တိုးတက်လာပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရန်ပုံငွေကို အဖွဲ့ဝင်နိုင်ငံများထံမှ အချိုးကျထည့်ဝင်ငွေနှင့် ထောက်ပံ့လှူဒါန်းငွေများဖြင့် ထူထောင်ထားခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍လက်ရှိအချိန်ထိ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများလျှော့ချရေးတို့အပါအဝင် များစွာသောတာဝန်များကို မမောမပန်းကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

**အဓိကကျသောအစိတ်အပိုင်းများ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ပါဝင်သည့် အဓိကကျသော အစိတ်အပိုင်းကြီးများမှာအထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ၊ နယ်မြေစောင့်ရှောက်ရေးကောင်စီ (၁၉၉၄ ခုနှစ်တွင်လုပ်ငန်းလည်ပတ်ခြင်းမရှိတော့ပေ။) နိုင်ငံတကာတရားရုံးနှင့် အတွင်းရေးမှူးချုပ်ရုံးတို့ဖြစ်သည်။ ၎င်းအဖွဲ့အစည်းများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးစတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရှိအစိတ်အပိုင်းများသည် မတူညီသောတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင်အထင်ရှားဆုံးပုဂ္ဂိုလ်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သည်။ လက်ရှိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ပေါ်တူဂီနိုင်ငံသား အန်တိုနီယိုဂူတာရက်စ်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို စတင်ထမ်းဆောင်သည်။ ထူးခြားချက်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ၂၀၀၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု (Noble Peace Price) ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အသင်းကြီး၏ဝန်ထမ်းတချို့နှင့် လက်အောက်ခံအဖွဲ့အစည်းများသည်လည်း နိုဘယ်ငြိမ်းချမ်းရေးဆုများရရှိထားကြသည်။




**မြားမြောင်လှသောတာဝန်များ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (UN) စတင်ဖွဲ့စည်းပြီးနောက် အစောပိုင်းကာလများတွင် အမေရိကန်နှင့်ဆိုဗီယက်ပြည်ထောင်စုတို့အပြင် ၎င်းတို့၏မဟာမိတ်များကြား စစ်အေးတိုက်ပွဲများကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သိမ်မွေ့နက်နဲရှုပ်ထွေးခဲ့ရသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကိုလိုနီဝါဒဆိတ်သုဉ်းပြီးနောက် အသင်းကြီးတွင် အဖွဲ့ဝင်နိုင်ငံများ သိသိသာသာမြင့်တက်လာခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၌ အဖွဲ့အစည်းကြီး၏ရန်ပုံငွေများကို လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် သုံးစွဲသည်ထက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၌ပိုမိုသုံးစွဲခဲ့သည်။ ထူးခြားချက်အနေဖြင့် စစ်အေးကာလပြီးနောက် ကမ္ဘာတစ်ဝန်းတွင် အဓိကကျသော စစ်ရေးနှင့်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတာဝန်များထမ်းဆောင်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့သည်။

လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံအားလုံးကို ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ လူသားများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်များမြင့်တက်လာခြင်း၊ အစွန်းရောက်ရာသီဥတုများဖြစ်ပေါ်လာခြင်းတို့အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည်လည်း ရာသီဥတုပြောင်းလဲမှုကိုပိုမိုဖြစ်ပေါ်စေသည်။ အချိန်မီအရေးယူဆောင်ရွက်မှုမရှိလျှင် ကမ္ဘာ့အပူချိန်သည် ၂၁ ရာစုအတွင်း ၃ ဒီဂရီဆဲလ်စီယပ်ထိ မြင့်တက်လာမည်ဖြစ်သည်။ အချို့သောဒေသများသည် ထို့ထက်ပင်အပူချိန်မြင့်မားလာနိုင်သည်။

ရာသီဥတုပြောင်းလဲလာမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကမ္ဘာ့နိုင်ငံများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် Paris Agreement ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုသဘောတူညီချက်အရ ကမ္ဘာ့နိုင်ငံများသည် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချသွားမည်ဖြစ်သည်။ ထိုသဘောတူညီချက်အကောင်အထည်ဖော်နိုင်မှုသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ရည်မှန်းချက်များအောင်မြင်မှုတစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံများခေါင်းခဲနေရသော ပြဿနာသည် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများအရေးဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (UN) သည် ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်များပြားလာသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ထိပ်သီးညီလာခံကိုကျင်းပခဲ့သည်။ ဒုက္ခသည်များအရေးကို လူသားချင်းစာနာထောက်ထားသောချဉ်းကပ်မှုမျိုးဖြင့်ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ကမ္ဘာ့နိုင်ငံများကိုစည်းရုံးကျင်းပခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ UN အဖွဲ့ကြီး၏လုပ်ငန်းတာဝန်များသည် ရေးသားဖော်ကျန်နိုင်မည်မဟုတ်ချေ။ ထိုတာဝန်များစဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေးသည် အဖွဲ့ဝင်နိုင်ငံအားလုံးရှိ အစိုးရများနှင့် ပြည်သူများ၏ပါဝင်ဆောင်ရွက်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာကြီးသာယာဝပြောရေးအတွက် ကောင်းမွန်သောရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသောUN အဖွဲ့ကြီး ကမ္ဘာတည်သရွေ့တည်တံ့နိုင်ရန်သည် ကျွန်ုပ်တို့ လူသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

**၂၀၃၀ မျှော်မှန်းချက်**

UN ၏ ၂၀၃၀ မျှော်မှန်းချက်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီးအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်သွားရန်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် ဆင်းရဲမှုအဆုံးသတ်ရေး၊ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားတိုင်းသာယာဝပြောမှု ခိုင်မာသေချာစေရေးတို့အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းစဉ်တိုင်းတွင် လာမည့် ၁၅နှစ်အတွင်း အောင်မြင်မှုရရှိအောင် ဆောင်ရွက်မည့်သီးသန့်ရည်မှန်းချက်များပါရှိသည်။ ထိုရည်မှန်းချက်များအောင်မြင်ရန်အတွက် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့်လူမှုအဖွဲ့အစည်းများရှိ လူတစ်ဦးချင်းစီသည် ကျရာအခန်းကဏ္ဍကို ကျေပွန်စွာပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ဆိုရလျှင် UN အဖွဲ့ကြီးသည် စတင်ဖွဲ့စည်းစဉ်မှစ၍ နှစ် ၈၀ ပြည့်သည့် လက်ရှိအချိန်ထိ မြားမြောင်လှသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်ထမ်းဆောင်သွားမည်မှာလည်းအသေအချာပင်ဖြစ်သည်။ နိုင်ငံတကာငြိမ်းချမ်းမှုနှင့်လုံခြုံမှုထိန်းသိမ်းခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများတွင် လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရေးဆိုသော UN အဖွဲ့ကြီး၏ဦးတည်ချက်များ စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

**ကမ္ဘာကြီးအကျိုးကို ထာဝစဉ် သယ်ပိုးနိုင်ပါစေ**

စင်စစ်အားဖြင့် UN သည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားခွင့်အပါအဝင် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် လူမှုရေးဆိုင်ရာတို့ကိုမြှင့်တင်ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းရှိလူသားတို့၏ဘဝများ တိုးတက်အောင်လုပ်ဆောင်လျက်ရှိသဖြင့် လူသားအားလုံးအတွက်ပိုမိုကောင်းမွန်သောလူနေမှုအဆင့်အတန်းကို ဖန်တီးပေးလျက်ရှိသည်။ UN သည် လွန်ခဲ့သော နှစ် ၈၀ အတွင်း တတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာနိုင်မှုအခြေအနေကို တားဆီးနိုင်ခဲ့ပြီး ငြိမ်းချမ်းမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးတို့အတွက် တွေ့ဆုံဆွေးနွေးရန် အရေးပါသောနေရာတစ်ခုအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

ထို့ပြင် UN သည် ကမ္ဘာ့နိုင်ငံများကို ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သောငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အကူအညီပေးလျက်ရှိသည်။ UN သည် တရားမျှတမှုအတွက်ရပ်တည်ပြီး လူ့အခွင့်အရေးကိုလေးစားတန်ဖိုးထားသည့်အပြင် လူသားချင်းစာနာထောက်ထားမှုအစီအစဉ်များမှတစ်ဆင့် နှစ်စဉ်ပြည်သူ သန်း ၁၀၀ ကျော်ကို ပံ့ပိုးကူညီကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အထူးသဖြင့် UN သည် မည်သည့်အဖွဲ့အစည်းမျှ မစွမ်းဆောင်နိုင်သောအသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ စွမ်းဆောင်ရည်များပိုင်ဆိုင်ထားရှိသည်။ ထို့ပြင် UN သည် ဆင်းရဲမှု၊ ဆာလောင်မွတ်သိပ်မှုနှင့် ကပ်ရောဂါတို့ကို ၎င်း၏လက်အောက်ရှိ အထူးအေဂျင်စီများနှင့်အတူ ပူးပေါင်းဖြေရှင်းပေးနိုင်ပြီး အရေးပေါ်အခြေအနေနှင့် ပဋိပက္ခများဖြစ်ပေါ်ချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်သည်။

အမှန်တော့ UN သည် လွန်ခဲ့သော နှစ် ၈၀ အတွင်း မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကျဆင်းအောင်ဆောင်ရွက်ပြီး ကာကွယ်ဆေးများထိုးနှံကာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ ထို့ပြင် ငှက်ဖျား၊ အဆုတ်နှင့် HIV/AIDS ကဲ့သို့သော သေစေနိုင်သည့်ရောဂါများကိုလည်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့နိုင်ငံများကို စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ တိုးတက်အောင် ပံ့ပိုးကူညီလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် နှစ် ၈၀ ပြည့်မှသည် နောင်နှစ်ပေါင်းများစွာထိ ကမ္ဘာကြီးသာယာဝပြောမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆက်လက်ဆောင်ကြဉ်းသွားနိုင်မည်ဟု ယုံကြည်မိပါတော့သည်။

**ကိုးကား**

- https://www.un.org/en/UN80

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# စနေနေ့ညရဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲပြန်လည်ရှာဖွေလာကြမဲ့ နယူးကာဆယ်၊ နာပိုလီ၊ ဒေါ့မွန်အသင်းတို့ကို အားပေးရမှာပါ

M L




ဒီတစ်ပတ်စနေနေ့ညမှာ ဥရောပအမှတ်ပေးပွဲစဉ်တွေအားလုံး ပုံမှန်အတိုင်း ပြန်လည်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အဲဒီထဲကမှ တစ်ချို့အသင်းတွေအနေနဲ့ ကြားရက်မှာ ဥရောပပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိနေကြပြီး ထိပ်တန်းအသင်းကြီးတွေအနေနဲ့ နိုင်ပွဲတွေကိုယ်စီရရှိခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ဂရိကလပ် အိုလံပီယာကော့စ်အသင်းကို ခြောက်ဂိုး တစ်ဂိုး၊ အာဆင်နယ်အသင်းက အေတီကိုအသင်းကို လေးဂိုး ဂိုးမရှိ၊ ပီအက်စ်ဂျီအသင်းက ဂျာမန်ကလပ် လေဗာကူဆင်အသင်းကို ခုနစ်ဂိုး နှစ်ဂိုး၊မန်စီးတီး၊ နယူးကာဆယ်၊အင်တာနဲ့ ဒေါ့မွန်အသင်းတို့နိုင်ပွဲအသီးသီးရရှိခဲ့ကြပြီး လက်ရှိဘောလုံးရာသီမှာ ကစားသမားစုဖွဲ့မှုအကောင်းဆုံးပြုလုပ်ထားနိုင်တဲ့ နာပိုလီအသင်းကတော့ နယ်သာလန်ကလပ် ပီအက်စ်ဂျီအသင်းကို ခြောက်ဂိုး နှစ်ဂိုးနဲ့အံ့အားသင့်ဖွယ်ရာ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါ့ကြောင့် ဆက်လက်ယှဉ်ပြိုင်ကစားလာမဲ့ အမှတ်ပေးပွဲစဉ်မှာလဲ နာပိုလီအသင်းအနေနဲ့ အင်တာမီလန်အသင်းနဲ့ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ရလဒ်ကောင်းရယူနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

## နယူးကာဆယ်အသင်း နိုင်ပွဲပြန်လည်ရှာဖွေလာမှာပါ

နယူးကာဆယ်အသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၈)မှာ ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ကြားရက် ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ အစဉ်အလာရှိတဲ့ ပေါ်တူဂီကလပ် ဘင်ဖီကာလိုအသင်းကို သုံးဂိုးပြတ်အနိုင်ရထားပါတယ်။ သူတို့အသင်းအနေနဲ့ ဘရိုက်တန်အသင်းနဲ့ပွဲစဉ်မှာ ချန်ပီယံလိဂ်ပွဲစဉ်အတွက် လူချန်ကစားခဲ့တယ်လို့ ထင်ရလောက်အောင် ခြေစွမ်းပိုင်းကွာခြားပြီး ဘင်ဖီကာအသင်းကို အနိုင်ရယူခဲ့တာပါ။ အခုဆိုရင် နယူးကာဆယ်အသင်းဟာ ချန်ပီယံလိဂ်ပွဲစဉ် သုံးပွဲကစားအပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၈) နေရာမှာ ရပ်တည်နေပါတယ်။ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘရိုက်တန်အသင်းနဲ့ အဝေးကွင်းအမှတ်ပေးပွဲစဉ်မှာဆိုရင်လဲ သူတို့အသင်းအနေနဲ့ အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ တိုက်စစ်က အီလန်ဂါ၊ ဝေါ့ဒွန်တို့ ဂိုးသွင်းမသေချာခဲ့လို့သာ နှစ်ဂိုးတစ်ဂိုးနဲ့ကပ်ရှုံးနိမ့်ခဲ့တာပါ။နယူးကာဆယ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အသင်းလိုက်စွမ်းဆောင်ရည်တည်ငြိမ်မှုမရှိဘဲ ပရီးမီးယားလိဂ်ပွဲစဉ်ရှစ်ပွဲယှဉ်ပြိုင်ကစားအပြီးမှာ နှစ်ပွဲနိုင် သုံးပွဲသရေ သုံးပွဲရှုံးရလဒ်ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနိုင်ရခဲ့တဲ့ပွဲစဉ်နှစ်ပွဲဟာ အိမ်ကွင်းပွဲစဉ်တွေဖြစ်တာကြောင့် လက်ရှိမှာ အိမ်ကွင်းခြေစွမ်းပိုင်းကတော့ ကောင်းမွန်နေတယ်လို့ဆိုရမှာပါ။ ဒါ့ပြင် အိမ်ကွင်းပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာလဲ တိုက်စစ်ပိုင်းက ၁၁ ဂိုးထိ သွင်းယူထားနိုင်တာကြောင့် အခုပွဲစဉ်မှာလဲ ဖူလ်ဟမ်အသင်းရဲ့ ခံစစ်ပိုင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားလာနိုင်ပါတယ်။

ဖူလ်ဟမ်အသင်းကတော့ ပရီးမီးယားလိဂ်ပွဲစဉ်ရှစ်ပွဲမှာ နှစ်ပွဲနိုင် နှစ်ပွဲသရေနဲ့ လေးပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၁၅) နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီအစပိုင်းမှာ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းကောင်းမွန်ခဲ့တယ်ဆိုပေမဲ့ နောက်ဆုံးသုံးပွဲဆက်ပြန်လည်ရှုံးနိမ့်ထားပြီး စွမ်းဆောင်ရည်ပိုင်းမှာပါ ပြန်လည်ကျဆင်းနေတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ အေဗီလာအသင်းကို သုံးဂိုး တစ်ဂိုး၊ ဘုန်းမောက်အသင်းကို သုံးဂိုး တစ်ဂိုး၊ အာဆင်နယ်အသင်းကို အိမ်ကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီး အမှတ်ပေးပွဲစဉ်သုံးပွဲဆက် ရှုံးနိမ့်ခဲ့တာပါ။ ဒါကြောင့် ဖူလ်ဟမ်အသင်းအနေနဲ့ လက်ရှိခံစစ်ပိုင်းက အန်ဒါဆန်၊ ကွန်ကာ၊ ဆီဆက်စ်ဂွန်တို့လို ကစားသမားတွေ စွမ်းဆောင်ရည်ကျဆင်းနေပြီး အခုလိုရလဒ်ပိုင်းတွေ ဆိုးရွားနေတာပဲဖြစ်ပါတယ်။

လက်ရှိမှာ ဒီနှစ်သင်းအနေနဲ့ ခြေစွမ်းပိုင်းကွာခြားမှုရှိနေသလို နယူးကာဆယ်အသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတာကြောင့်လဲ ဖူလ်ဟမ်အသင်း ရလဒ်ကောင်းဖို့ ခက်ခဲနေအုံးမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကျော့စလုံးမှာ ဖူလ်ဟမ်အသင်းက အနိုင်ရထားပေမဲ့ လက်ရှိမှာတော့ နယူးကာဆယ်အသင်းရဲ့တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်မှာမဟုတ်တာကြောင့် အိမ်ရှင်နယူးကာဆယ်အသင်းပဲ နိုင်ပွဲပြန်လည်ရှာဖွေလာမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၁ | - | ၂ | အာဆင်နယ် |
| စိန့်ဂီလိုဆီ | ၀ | - | ၄ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | နော်တင်ဟမ် |
| ဘရိုက်တန် | ၂ | - | ၁ | နယူးကာဆယ် |
| နယူးကာဆယ် | ၃ | - | ၀ | ဘင်ဖီကာ |

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| ဖူလ်ဟမ် | ၁ | - | ၀ | ကမ်းဘရစ် |
| အေဗီလာ | ၃ | - | ၁ | ဖူလ်ဟမ် |
| ဘုန်းမောက် | ၃ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၁ | အာဆင်နယ် |

## နာပိုလီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

နာပိုလီနဲ့ အင်တာမီလန်အသင်းတို့ဟာ အီတလီစီးရီးအေပွဲစဉ်(၈) အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်(၇)မှာတော့ နာပိုလီအသင်းက အဝေးကွင်းမှာ တိုရီနိုအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပြီး အင်တာမီလန်အသင်းကတော့ ရိုးမားအသင်းကို အဝေးကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါ့ပြင် ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၃)မှာလဲ အင်တာမီလန်အသင်းက ဘယ်လ်ဂျီယံကလပ် စိန့်ဂီလိုဆီအသင်းကို လေးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ပေမဲ့ နာပိုလီအသင်းကတော့ နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းကို ခြောက်ဂိုး နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါဟာ နာပိုလီအသင်းသမိုင်းတစ်လျှောက် ဆိုးရွားတဲ့ဂိုးပြတ်အရှုံးရလဒ်ဖြစ်ခဲ့ပြီး ပြိုင်ပွဲစုံနောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ခဲ့တာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်ခုနစ်ထိကစားခဲ့အပြီးမှာ ငါးပွဲနိုင်နှစ်ပွဲရှုံးနဲ့ အမှတ်ပေးဇယားအဆင့်(၃) နေရာမှာ ရပ်တည်နေခဲ့ကာ အဆင့်(၁)နေရာက အေစီမီလန်နဲ့ တစ်မှတ်အကွာ၊ အဆင့်(၂)နေရာက အင်တာမီလန်အသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ရပ်တည်နေတာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အသင်းကြီးတွေနဲ့ ပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး ဒီဘရိုင်း၊ တွမ်မီနေးတို့ ရှန်းကန်နေရတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် အခုပွဲစဉ်မှာလဲ အင်တာမီလန်အသင်းကို အသာစီးရယူနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။

အင်တာမီလန်အသင်းကတော့ လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကောင်းမွန်နေပြီး သူတို့အသင်း ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မရှိတာဟာ ပြိုင်ပွဲစုံရှစ်ပွဲအထိ ရှိထားပါပြီ။ ချန်ပီယံလိဂ်ပွဲစဉ်မှာ သုံးပွဲကစားသုံးပွဲစလုံးအနိုင်ရထားပြီး စီးရီးအေပွဲစဉ်မှာလဲ ခုနစ်ပွဲကစားအပြီး ငါးပွဲနိုင် နှစ်ပွဲရှုံးရလဒ်ရရှိထားတာပါ။ သူတို့အသင်းအနေနဲ့ နောက်ဆုံးပွဲစဉ်တွေမှာ အေဂျက်၊ ရိုးမားတို့လို ခြေစွမ်းပိုင်းမာကျောတဲ့အသင်းတွေကို အနိုင်ရယူထားနိုင်တဲ့သူတို့အသင်းရဲ့ ခြေစွမ်းပိုင်းက နာပိုလီလိုအသင်းကိုတော့ မရှုံးနိမ့်အောင်ကစားနိုင်တဲ့ခြေစွမ်းပိုင်းမျိုးရှိနေတာကို တွေ့ရပါတယ်။ ဒါ့ပြင် ဒီပွဲအနိုင်ရထားရင် အဆင့်(၃)နေရာက နာပိုလီအသင်းကို ရမှတ်သုံးမှတ်ထိ ဖြတ်ထားနိုင်ပြီး အဆင့်(၁)နေရာက အေစီမီလန်အသင်းကိုလဲ ဖိအားပေးကစားနိုင်မှာဖြစ်တာကြောင့် အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။ အင်တာမီလန်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ မာတီနက်နဲ့ လက်ရှိဘောလုံးရာသီက ပြောင်းရွှေ့ရောက်ရှိလာတဲ့ အက်စ်ပိုဆီတိုတို့ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တာကြောင့်လဲ နာပိုလီအသင်းရဲ့ခံစစ်ပိုင်းကို ဂိုးရရှိဖို့ ဖိအားပေးကစားလာနိုင်ပါတယ်။

ဒါပေမဲ့ ဒီနှစ်သင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာ နှစ်ကျော့စလုံး တစ်ဂိုးစီသရေကျထားတာကြောင့် နာပိုလီအသင်းအနေနဲ့ အင်တာမီလန်အသင်းနဲ့ပွဲစဉ်တိုင်းမှာ ရလဒ်ကောင်းဖို့ အကောင်းဆုံးပြင်ဆင်ကစားလာတတ်တာကို တွေ့ရမှာပါ။ ဒါ့ပြင် နာပိုလီအသင်းအနေနဲ့လဲ နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်မှုကို အခုပွဲစဉ်မှာ အကောင်းဆုံးချေဖျက်လာနိုင်တာကြောင့် အနည်းဆုံးသရေရလဒ်ရယူလာမဲ့ နာပိုလီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေစီ | ၂ | - | ၁ | နာပိုလီ |
| နာပိုလီ | ၂ | - | ၁ | စပို့တင်း |
| နာပိုလီ | ၂ | - | ၁ | ဂျီနိုအာ |
| တိုရီနို | ၁ | - | ၀ | နာပိုလီ |
| ပီအက်စ်ဗွီ | ၆ | - | ၂ | နာပိုလီ |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၃ | - | ၀ | ဆလားဗီးယားပရာဟာ |
| အင်တာမီလန် | ၄ | - | ၁ | ခရီမိုနန်ဆီ |
| အေတီကို | ၁ | - | ၁ | အင်တာမီလန် |
| ရိုးမား | ၀ | - | ၁ | အင်တာမီလန် |
| စိန့်ဂီလိုဆီ | ၀ | - | ၄ | အင်တာမီလန် |

## ဒေါ့မွန်အသင်းကို အားပေးရမှာပါ

အခုပွဲစဉ်မှာ ဒေါ့မွန်အသင်းအနေနဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၈) အဖြစ် ကိုလုံးအသင်းကို အိမ်ကွင်းမှာ လက်ခံကစားမှာပဲဖြစ်ပါတယ်။ ကြားရက်မှာလဲ ဒေါ့မွန်အသင်းအနေနဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၃)အဖြစ် ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်အသင်းကို တိုက်စစ်ပိုင်းအကောင်းဆုံးနဲ့ လေးဂိုး နှစ်ဂိုး အနိုင်ရရှိထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၇)မှာ ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့ အဲဒီပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒေါ့မွန်အသင်းအနေနဲ့ ဘွန်ဒက်လီဂါပွဲစဉ်ခုနစ်ပွဲကစားအပြီးမှာ လေးပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်ရရှိပြီး အဆင့်(၄)နေရာမှာ ရပ်တည်နေပေမဲ့ လက်ရှိဘောလုံးရာသီမှာတော့ သူတို့အသင်းရဲ့အကောင်းဆုံးစွမ်းဆောင်ထားနိုင်မှုလို့ ဆိုရမှာပါ။ ဒါ့ပြင် ပြိုင်ပွဲစုံ အိမ်ကွင်းနောက်ဆုံးလေးပွဲဆက်ရှုံးနိမ့်မှုမရှိအောင် ကစားထားနိုင်ပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေကျအောင် စွမ်းဆောင်ထားနိုင်တာကြောင့်လဲ အခုပွဲစဉ်မှာ ကိုလုံးအသင်းကို အနိုင်ရရှိဖို့ ဖိအားပေးကစားလာမှာပါ။

ကိုလုံးအသင်းကတော့ အမှတ်ပေးပွဲစဉ်ခုနစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင် နှစ်ပွဲသရေ နှစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၆)နေရာမှာရပ်တည်နေတဲ့အသင်းပါ။ ဒါပေမဲ့ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ အမှတ်ပေးပွဲစဉ်နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး နှစ်ပွဲရှုံး နှစ်ပွဲသရေရလဒ်ရရှိထားပါတယ်။ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာဆိုရင် သူတို့အသင်းအနေနဲ့ ခြေစွမ်းပိုင်းဆိုးရွားနေတဲ့ အော့စ်ဘတ်လိုအသင်းကို တစ်ဂိုးစီသရေသာ ကစားထားနိုင်သလို အဲဒီပွဲစဉ်မှာ သူတို့အသင်ရဲ့အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းက တည်ငြိမ်မှုမရှိတာ တွေ့ရပါတယ်။ ကိုလုံးအသင်းအနေနဲ့ ဒေါ့မွန်အသင်းနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုမှာ နှစ်ကြိမ်စလုံးအနိုင်ရထားတာကြောင့် အခုပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ ခက်ခဲနေအုံးမှာပါ။ ဒါ့ပြင် လက်ရှိဘောလုံးရာသီ ခြေစွမ်းပိုင်းမှာ အသာရနေတာကြောင့် ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၀ | - | ၂ | ဒေါ့မွန် |
| ဒေါ့မွန် | ၄ | - | ၁ | ဘီလ်ဘာအို |
| ဒေါ့မွန် | ၁ | - | ၁ | လိုက်ပ်ဇစ် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၁ | ဒေါ့မွန် |
| ကိုပင်ဟေဂင် | ၂ | - | ၄ | ဒေါ့မွန် |

### ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၃ | - | ၃ | ကိုလုံး |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ကိုလုံး |
| ကိုလုံး | ၁ | - | ၂ | စတုဂတ် |
| ဟော့ဖန်ဟိမ်း | ၀ | - | ၁ | ကိုလုံး |
| ကိုလုံး | ၁ | - | ၁ | အော့ဘတ် |

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးမည်


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၃၀၅၀ စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလတွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဒါ့ပြင် အထွက်နှုန်းတိုးတက်စေဖို့၊ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# တောင်တွင်းကြီးမြို့နယ် ကြီးအင်းကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၃**


မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ပန်းတောငယ်ကျေးရွာအုပ်စု ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကြီးအင်းကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှု ရှိမရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းနှင့်ပတ်သက်၍လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ဦးကိုငွေကျပ် ၂၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် နှစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ရန်ပုံငွေကျပ် ၄၀၁ သိန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍သိရသည်။

နွဲ့ယဉ်

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

# မဟာယံကျောက်ဖြူစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ဖြူ၊
အိမ်တွင်းအလှဆင်ကျောက်ဖြူနှင့် ရေချိုးခန်းသုံးကျောက်ဖြူ အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေအွန်လိုင်းထီထိုးခြင်း



ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၀
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

အခြင်းအရာ: လစာ အပါအဝင်
ငွေဖိုငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

(၂၄) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆု
ကျပ်သိန်း (၁,၀၀၀)ကံထူးရှင် ထွက်ပေါ်လာခဲ့ခြင်းမရှိပါသဖြင့်
(၂၅) ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး၏ ထီဆုငွေ

5 Digits
အောင်ဘာလေ အွန်လိုင်းထီ

ကျပ်သိန်း
၂,၀၀၀
အထိ တိုးမြှင့်သွားပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

Scan Me
Call Center 777 (or)
09 677 000 777
*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့်
5 Digits အောင်ဘာလေ အွန်လိုင်းထီ ကံစမ်းလို့ရပါပြီ


## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထက-ဟန်မြင့်မိုရ်ကျောင်းမှ Grade-3 တန်းတွင် ပညာသင်ကြားနေသော အဘ ဦးမျိုး၏သား မောင်ဖုန်းမိုးသွန်း အား မောင်ဘုန်းမိုးသွန်း ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမိုးသွန်း (အဘ) ဦးမျိုး

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထက-မြို့မကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းစည်သူ၏ ဖခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇာနီထိုက် ဖြစ်ပါကြောင်း။

ဦးဇာနီထိုက်(၉/ကဆန(နိုင်)၁၁၆၅၄၉)


အဖိုးတန်
ရေချိုကို
ချွေတာပါ

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ


## "အများသိစေရန် ကန့်ကွက်ကြေငြာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၊ အလယ်ရပ်နေ ဦးဟာဆန်+ ဒေါ်တွိုင် (ကွယ်လွန်)တို့မှ သားသမီး (၈)ဦးမွေးဖွားခဲ့ပါသည်။ ဦးဟာဆန်+ ဒေါ်တွိုင် (ကွယ်လွန်)နှင့် သားသမီးများမှာ မြန်မာလူမျိုး၊ အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြပါသည်။ ဦးဟာဆန်+ ဒေါ်တွိုင်တို့ကွယ်လွန်ပြီးနောက် အမွေမခွဲရသေးသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် (၁) အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာ၊ အလယ်ရပ်ရှိ အရှေ့လားသော် လမ်း၊ အနောက်လားသော် လူသွားလမ်း၊ တောင်လားသော် ဦးကမာနှင့် ဒေါ်ဒဟီမြေအစပ်၊ မြောက်လားသော် ဦးခင်မောင်မြင့်၊ ဒေါ်ကြည်မြေအစပ် နယ်လေးရပ်အတွင်းရှိ (၁၂၀×၇၀)ပေ ကျယ်ဝန်းသောမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ (၂) အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၀)၊ ဦးပိုင်အမှတ် (၁၆၈/၂)၊ ဧရိယာ (၂.၉၆)ကေရှိ ဒေါ်တွိုင်အမည်ပေါက် ကိုင်းမြေကွက်။ (၃) အမရပူရမြို့၊ ဘုံးအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၀)၊ ဦးပိုင်အမှတ် (၁၆၉)၊ ဧရိယာ (၂.၆၀)ကေရှိ ဦးဟာဆန်အမည်ပေါက် ကိုင်းမြေကွက်။ (၄) အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၀)၊ ဦးပိုင်အမှတ် (၁၇၃)၊ ဧရိယာ (၃)ကေရှိ ဦးဟာဆန်အမည်ပေါက် ကိုင်းမြေကွက်။ (၅) အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၀)၊ ဦးပိုင်အမှတ် (၁၇၄)၊ ဧရိယာ (၂.၅၂)ကေရှိ ဒေါ်တွိုင်အမည်ပေါက် ကိုင်းမြေကွက်။ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ကျွန်မ ဒေါ်ခင်ခင်အေး (ခ)ဒေါ်ရှုဒီသည် အစ္စလာမ်တရားဥပဒေနှင့်အညီ အမွေဝေစုကိုခွဲရခဲ့ခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ကျွန်မ၏မိဘများကျန်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်မ၏ခွင့်ပြုချက်မရဘဲ ကျွန်မအားအသိမပေးဘဲ အမွေကျန်ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ထားခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်မ၏မောင်နှမ (၇)ဦးနှင့် အများသိစေရန် ကန့်ကွက်ကြေငြာရခြင်းဖြစ်ပါသည်။

ဒေါ်ခင်ခင်အေး (ခ)ဒေါ်ရှုဒီ (ဘ)ဦးဟာဆန် ၉/အမရ(နိုင်)၀၅၂၀၆၅
အလယ်ရပ်၊ ဘုံးအိုးကျေးရွာ၊ အမရပူရမြို့နယ် ၀၉-၉၅၀၄၇၁၁၁၀

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၁)ရပ်ကွက် ဘိုးဘိုင်မြေကွက်ပေါ်တွင် ဒေါ်တင်ဝင်း (မြေး) ဦးသိန်းငွေ(၉/မခန(နိုင်)၁၆၁၇၀၆) ကိုင်ဆောင်သူမှ အလျား ၃၀' - ၀"၊ အနံ ၂၀' - ၀၀" Steelstructure ဝန်းခြံတစ်ထပ်အဆောက်အဦးနှင့် ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

❖ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာအားကစားကွင်းနှင့် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ စက်ဘီးကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

Online လောင်းကစားလုပ်ကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

စာမျက်နှာ - ၂၁

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သိန်းကျော်နှင့် ဘိန်းဖြူ ၂၉ ကီလိုကျော် ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီးတွင် ငြိမ်းချမ်းမောင် (ခ) ကုလားလေး မောင်းနှင်လာသော FORLAND အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁နာရီခွဲတွင် ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာတွင်

စာမျက်နှာ ၂၂ ကော်လံ ၁ ❑




ပြစ်မှုကျူးလွန်သူ ငြိမ်းချမ်းမောင်(ခ)ကုလားလေးနှင့် ထူးအောင်ကျော်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉